# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957



**ပွားစီးတိုးအောင် အားထုတ်**
သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)
အတ္တဝဂ်(ဓမ္မပဒ-၁၆၆)



၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ | Monday, 15 April 2019 | ၉၆၂၂


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲကြစဉ်။

**မန္တလေး ဧပြီ ၁၄**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလှမ်းတို့သည် သင်္ကြန်အကျနေ့ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်သို့ရောက်ရှိပြီး မြန်မာ့ရိုးရာမဟာသင်္ကြန် အတာရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဇနီးတို့သည် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေတို့က သပြေခက်ဖြင့် အတာရေပက်ဖျန်းပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ယိမ်းအကအဖွဲ့များ၊ ဧည့်ပရိသတ်များအား သပြေခက်ဖြင့် အတာရေ လိုက်လံပက်ဖျန်းကြပြီး အတာသင်္ကြန်ပွဲတော် ဆင်နွှဲကြသောပရိသတ်များအား နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့် ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

---

## ကြေးမုံ သတင်းအညွှန်း


**ရန်ကုန်မဟာသင်္ကြန်အကျနေ့ စတုဒိသာကျွေးမွေးလှူဒါန်းသူများပြား** စာမျက်နှာ » ၇

**ဆူဒန်နိုင်ငံအတွင်း ငြိမ်းချမ်းသော နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် ကုလသမဂ္ဂအဖွဲ့အား အကူအညီတောင်းခံ** စာမျက်နှာ » ၁၂


## ကြေးမုံ ဆောင်းပါး


**ပြည်သူ့နီတိစကားဝိုင်း** စာမျက်နှာ » ၆

**နှစ်ဦးဂီတလက်ဆောင်** စာမျက်နှာ » ၁၅

# ကြေးမုံ

## ချစ်ကြည်ရင်းနှီးငြိမ်းချမ်းခြင်း အတာသင်္ကြန်

သင်္ကြန်ရေသဘင်ပွဲတော်သည် ဗုဒ္ဓဘုရားရှင် မပွင့်ထွန်းမီအချိန်မှ ယနေ့ထက်တိုင် အစဉ်အလာမပျက် ပျော်ရွှင်စွာ ဆင်နွှဲလာသော ပွဲတော်ဖြစ်သည်။ ဘုရင်၊ မင်းညီမင်းသား၊ မှူးမတ်များ ကောင်းခြင်းမင်္ဂလာများနှင့် ပြည့်စုံစေရန် သန့်စင်သောရေစင်ပက်ဖျန်းခြင်းမှအစပြု၍ ပြည်သူပြည်သားများပါ ကောင်းခြင်းမင်္ဂလာများ ဆောင်ကြဉ်းလာကြသည့် ရှေးထုံးအစဉ်အလာပွဲတော်ဖြစ်ပါသည်။

ထိုပွဲသဘင်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသဖြင့် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းတို့ကို ဖြစ်စေပါသည်။ အေးချမ်းသည့်ရေစင်ဖြင့် ပက်ဖျန်းဆေးကြောခြင်းခံရသဖြင့် သန့်ရှင်းကြည်လင်လန်းဆန်းမှုအပေါင်းတို့ကို ဖြစ်စေသည်။ သင်္ကြန်ရေသဘင်ပွဲတော်သည် ဗုဒ္ဓဘာသာဝင်များ၏ ထုံးတမ်းစဉ်လာမင်္ဂလာပွဲတော်ဖြစ်သည်ဟု ဆိုသော်ငြားလည်း အေးချမ်းပျော်ရွှင်သန့်ရှင်းခြင်းအပေါင်းတို့ကို ဆောင်ကြဉ်းသဖြင့် ဘာသာတိုင်း၊ လူမျိုးတိုင်း ပါဝင်ဆင်နွှဲနိုင်သည့် ပွဲတော်ဟု ဆိုနိုင်ပါသည်။

သင်္ကြန်ရေသဘင်ပွဲတော်၏ သမိုင်းကြောင်းအစဉ်အလာကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင်လည်း သင်္ကြန်ရေသဘင်သည် ချစ်ခင်ခြင်း၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ လန်းဆန်းခြင်း၊ ပျော်ရွှင်ခြင်း၊ အေးချမ်းခြင်း၊ ကောင်းမှုကုသိုလ်များပွားတိုးခြင်း စသည့် ကောင်းခြင်းလက္ခဏာအမျိုးမျိုးတို့ကို ဆောင်ကြဉ်းသောကြောင့် ပြည်သူပြည်သားအားလုံး ပါဝင်ဆင်နွှဲထိုက်သော ပွဲတော်ဖြစ်ပါသည်။

ထိုသို့ပါဝင်ဆင်နွှဲထိုက်သည်နှင့်အညီ မြန်မာပြည်တစ်ဝန်းအတွင်း လူမျိုးဘာသာအားလုံး အသွေးအရောင် အဆင့်အတန်းမခွဲခြားဘဲ အတူတကွ ပါဝင်ဆင်နွှဲနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အပျော်တို့သည် ကူးစက်တတ်သည့်သဘောရှိသကဲ့သို့ သင်္ကြန်ရေသဘင်ပွဲတော်ကို စုပေါင်းပျော်ရွှင်စွာဆင်နွှဲခြင်းမှ ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းမှုကို နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်အောင် တည်ဆောက်ယူရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခင်စည်းလုံးခြင်းတို့ ဦးစားပေးလိုအပ်နေသော အချိန်အခါ၌ အေးချမ်းစွာဖြင့် စုပေါင်းဆင်နွှဲကြသော ၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးတွင် မြန်မာပြည်ကြီးငြိမ်းချမ်းပါစေကြောင်း အဓိဋ္ဌာယ်ဖော်ဆောင်သည့် စုပေါင်းပါဝင်ဆင်နွှဲမှုများမှာ အထူးပင် လျော်ကန်သင့်မြတ်လှပေသည်။ သင်္ကြန်၏ စုပေါင်းပျော်ရွှင်မှုအပေါင်းတို့သည် အေးချမ်းမှု၊ ငြိမ်းချမ်းမှုတို့ကို ဖော်ဆောင်နေပေသည်။

ယခုနှစ် အတာသင်္ကြန်ရေသဘင်ပွဲတော်၏ထူးခြားချက်မှာ ဒီမိုကရေစီ၏အနှစ်သာရကို ပေါ်လွင်စေသည့် လမ်းလျှောက်သင်္ကြန်ပင်ဖြစ်သည်။ လမ်းလျှောက်သင်္ကြန်သည် ခြိုးခြံချွေတာခြင်းသဘောဆောင်ပြီး ဆင်းရဲချမ်းသာမရွေး၊ ဘာသာလူမျိုးမရွေး စုပေါင်းပါဝင်ဆင်နွှဲနိုင်သဖြင့် တန်းတူညီမျှမှုနှင့်ချစ်ခင်ရင်းနှီးမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပေသည်။

သင်္ကြန်ရေသဘင်ပွဲသည် လူမျိုးတိုင်းနှင့်သက်ဆိုင်သဖြင့် တိုင်းရင်းသားလူမျိုးအသီးသီး ပါဝင်ဆင်နွှဲကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရသည်။ ရခိုင်၊ မွန်၊ ရှမ်း၊ ကရင် စသည့်တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီအလိုက် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဆင်နွှဲကြသကဲ့သို့ တိုင်းရင်းသားလူမျိုးအားလုံးပေါင်းစုပြီး ပျော်ရွှင်စွာဆင်နွှဲကြသည်မှာ ငြိမ်းချမ်းမှုကို ဆောင်နေပေသည်။

ထိုကဲ့သို့သော ကောင်းသတင်းများကို ဆောင်ကြဉ်းနေသည့်အခါ၊ ကောင်းသောအမှုများကို ပြုလုပ်နေသည့် သမယတွင် မကောင်းသောသတင်း၊ မကောင်းသောအပြုအမူနှင့် ပျော်ရွှင်မှုများကို ရှောင်ကြဉ်ကာ ကောင်းသောအမှုများ မြန်မာပြည်တစ်ဝန်းတွင် ထုံမွမ်းအောင် စုပေါင်းဆင်နွှဲကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းမှုရယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်သင်္ကြန်သည် ယခင်နှစ်များနှင့်မတူ ငြိမ်းချမ်းပျော်ရွှင်ဖွယ်များနှင့် ပိုမိုဖော်ဆောင်လာနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။ အတူတကွစုပေါင်းပါဝင်ဆင်နွှဲခြင်းမှပေါ်ထွက်လာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မေတ္တာတရားများကိုအခြေခံကာ မြန်မာပြည်တစ်ဝန်းတွင် ၁၃၈၀ ပြည့်နှစ် နှစ်သစ်ကူးပြောင်းသည့် နှစ်ကူးကာလမှစ၍ မြန်မာပြည်ကြီး အေးချမ်းသာယာပါစေကြောင်း တောင်းဆုခြွေပါသည်။ ။

## မိုင်းယောင်း၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ရန်အောင်မြင်ဘုရား(ဖကျောက်တစ်)လှည့်လည်ပူဇော်ခံ

**မိုင်းယောင်း မေ ၁၄**



ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ရပ်ကွက် (၈)ရှိ ဟိုခုံကျောင်းတိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ရန်အောင်မြင်ဘုရား(ဖကျောက်တစ်) ဘုရားနှစ်ဆူအား မေ ၁၄ ရက် (သင်္ကြန်အကျနေ့)က မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံခဲ့သည်။

နှစ်သစ်တွင် မိုင်းယောင်းသူ မိုင်းယောင်းသားအပေါင်း ငြိမ်းချမ်းသာယာဝပြောမှုနှင့်အတူ နှလုံးစိတ်ဝမ်းချမ်းမြေ့ကြစေရန်၊ ရှေးဟောင်းရုပ်ပွားတော်မြတ်ကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဟိုခုံကျောင်းတိုက်ဆရာတော်၏ ဩဝါဒမိန့်ကြားမှုနှင့်အညီ တစ်နှစ်တစ်ကြိမ် လှည့်လည်အပူဇော်ခံခြင်းဖြစ်သည်။

ထိုသို့ လှည့်လည်အပူဇော်ခံရာ လမ်းတစ်လျှောက်၌ ဒေသခံတိုင်းရင်းသားတို့မှ ရွှေမိုး၊ ငွေမိုးနှင့်အတူ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြပြီး အပူဇော်ခံရာ ယာယီစံကျောင်းတော်၌ ရပ်ကွက်နေပြည်သူများက ရိုးရာအလှုအကများ၊ စတုဒိသာကျွေးမွေးမှုများနှင့်အတူ ဘုရားရေသပ္ပာယ်ပူဇော်ကြကြောင်း သိရသည်။

တန်ခိုးကြီးပြီး ဉာဏ်တော်နှစ်တောင့်တစ်ထွာ(၄၅ လက်မ)ခန့်ရှိ ရှုန်တောင်ဘုရား(ကြေးဖြင့်သွန်းလုပ်ထားသော သိန်းဘုရား)၊ ဉာဏ်တော်တစ်တောင့်တစ်ထွာ(၂၇ လက်မ)ရှိ ရန်အောင်မြင်ဘုရား(ဖကျောက်တစ်) ဘုရားနှစ်ဆူမှာ ထိုင်း(ယိုးဒယား)ဆင်ဖြင့်ပင့်ရာ ဘုရားများ မကြွလိုသဖြင့် လေးလံစေသောကြောင့် ဆင်မထနိုင်ဘဲ အော်၍နေသည်ကို ယိုးဒယားများ တွေ့မြင်ရသည်ဟု သိရသည်။

အဆိုပါ ဘုရားနှစ်ဆူကို လူနှစ်ယောက် အသာပင် ပင့်မ၍ မူလနေရာဟောင်း ခတ်လုံစွမ်ယောင်းတွင် ပြန်လည်ထားခဲ့ရကြောင်း၊ ယခင်က ဝမ်တောင်းရှိ ဘုရားကုန်းမြေသည် မြို့နှင့် ခုနစ်မိုင်ခန့်ဝေးသည်။ အဆိုပါ ရှုန်တောင်ဘုရားနှင့် ဖကျောက်တစ် ဘုရားနှစ်ဆူကို တောင်းပန်ပင့်ဖိတ်ပြီး မြို့တွင်းရှိ ဟိုခုံကျောင်း၌ ယနေ့အထိ ထားရှိကိုးကွယ်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ကျောက်ပုံကျေးရွာ အောင်ဆုသာပြည့် ဓမ္မရိပ်သာ၌ သင်္ကြန်ကာလအတွင်း တရားရိပ်သာဝင်ရောက်သူများပြား



**မိတ္ထီလာ မေ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျောက်ပုံကျေးရွာ အောင်ဆုသာပြည့် ဓမ္မရိပ်သာ၌ မဟာသင်္ကြန်အကြိုနေ့ မေ ၁၃ ရက်က ဖွင့်လှစ်သည့် နဝမအကြိမ်မြောက် တရားစခန်းသို့ ဒေသခံကျောက်ပုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှဒေသခံများ တရားရိပ်သာဝင်ရောက်၍ တရားအားထုတ်သူများပြားကြောင်း သိရသည်။

"ကျောက်ပုံကျေးရွာ အောင်ဆုသာပြည့်ဓမ္မရိပ်သာမှာ နှစ်စဉ် သင်္ကြန်ကာလတရားစခန်းဖွင့်လှစ်ပြီး ခန္ဓာဉာဏ်ရောက် ဓမ္မသင်တန်းပို့ချပြီး ယောဂီတွေ တရားအားထုတ်နိုင်ဖို့ ဆောင်ရွက်ပေးလာတာ ဒီနှစ်ဆို နဝမအကြိမ်မြောက်ဖြစ်ပါတယ်။ ဒီတရားစခန်းကို ကျောက်ပုံကျေးရွာအပြင် အနီးပတ်ဝန်းကျင်ကကံကောင်း၊ ပေပင်ကုန်း၊ အရာတော်၊ အင်းပက်လက် ၊ ညောင်ပင်လျှို စတဲ့ကျေးရွာတွေအပြင် ကျောက်ပုံကျေးရွာဒေသခံတွေနဲ့ဆက်စပ်ပြီး ရပ်ဝေးဒေသကနေ လာရောက်ပြီး တရားအားထုတ်တဲ့ ယောဂီတွေလည်း ပါဝင်ပါတယ်" ဟု ကျောက်ပုံကျေးရွာဒေသခံ ဦးစံခင်က ပြောသည်။

ကျောက်ပုံကျေးရွာ အောင်ဆုသာပြည့်ဓမ္မရိပ်သာတွင် နဝမအကြိမ်မြောက်ဖွင့်လှစ်သည့်တရားစခန်းအား မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းနှစ်ရက်နေ့ မေ ၁၃ ရက်မှ ၁၉ ရက်အထိဖွင့်လှစ်မည်ဖြစ်ကာ ဆရာတော်အရှင်ဇဝန(မကွေး)(ကမ္မဋ္ဌာနာစရိယ၊ဓမ္မာစရိယ၊သင်တန်းနည်းပြဆရာတော်)က ခန္ဓာဉာဏ်ရောက်တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

## မိုင်းဆတ်မြို့၌ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်အိတ်များ ဆက်ကပ်လှူဒါန်း

**မိုင်းဆတ် မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ မဟာသင်္ကြန်အကျနေ့ မေ ၁၄ ရက်နံနက် ၇ နာရီက မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းသို့ ဆန်အိတ် ၃၇ အိတ် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စုပေါင်းလှူဒါန်း**

အဆိုပါ ဆန်အိတ်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဇေယျာလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးတို့၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညွှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂)အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

**ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။**

(၁ - ၄ - ၂၀၁၈ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

❖ **ရှေ့ဖုံးမှ**

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးတို့သည် ကျုံးတောင်ဘက်ခြမ်းတွင် ကျင်းပလျက်ရှိသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ လာရောက်လည်ပတ် ရေကစားကြသည့် သင်္ကြန်ချစ်သူပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရေကစားမဏ္ဍပ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ရေကစားမဏ္ဍပ်၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့၏ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု အကအလှများကို ကြည့်ရှုအားပေး၍ မန္တလေးလမ်းလျှောက်သင်္ကြန်အား ပါဝင်ဆင်နွှဲသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လိုက်ပါလျက် ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ နန်းမြို့သူ ရေကစားမဏ္ဍပ်နှင့် မဟာအောင်မြေမြို့နယ် မနော်ရမ္မံကွင်းရှိ တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်မဏ္ဍပ်များသို့ သွားရောက်၍ တိုင်းရင်းသားများ၏ သီဆိုဖျော်ဖြေမှုများ၊ သံချပ်အသင်းများ၏ ပြိုင်ပွဲဝင်မှုများကို အားပေးကြည့်ရှုသည်။

ထို့နောက် ကျုံးအရှေ့ဘက်ခြမ်းရှိ တောသင်္ကြန် နေ့ညစျေးရောင်းပွဲတော်သို့ သွားရောက်ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ရေကစားမဏ္ဍပ်တွင် ပါဝင်ဆင်နွှဲကြစဉ်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေတို့ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုနှင့် ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။

# သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**ရန်ကုန်  မေ ၁၄**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက်မာရာပါနာနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

ဧည့်သည်တော်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာရည်များ ဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့သို့ အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်စိမ်းဘုရားနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကာ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မဟာသင်္ကြန်အကျနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အာနန္ဒာဘုရားသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ အောင်မင်းဟန်

# ပြည်မြို့၌ မဟာသင်္ကြန်အကျနေ့ ရေကစားသူများဖြင့် စည်ကားလျက်ရှိ



**ပြည်  မေ  ၁၄**

၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

လမ်းမတော်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ ဗိုလ်ချုပ်ကျောက်ရုပ်အဝိုင်းအနီးရှိ Dry Snake ရေကစားမဏ္ဍပ်၊ ပထမဆုံးအကြိမ် ပြည်မြို့၌ ပြုလုပ်သော ကမ်းနားလမ်းရှိ လမ်းလျှောက်သင်္ကြန်နှင့် ဇာတ်မဏ္ဍပ်တို့၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ယင်းအပြင် ပြည်မြို့ ရန်ကုန်-ပြည်လမ်းဘေးရှိ နတ်မော်ဆင်စခန်း၌ ဆင်စခန်းသင်္ကြန်ပွဲတော်ကျင်းပလျက်ရှိပြီး ယင်းဆင်စခန်းသင်္ကြန်ပွဲတော်၌ နံနက်ပိုင်းရေကစားအပြီး နေခင်းနေ့လယ်အပူဒဏ်ခိုလှုံ၍ အေးချမ်းစွာ အနားယူသူများ၊ အပျော်တမ်းဆင်စီးသူများ၊ ဆင်စာများကျွေးမွေးလှူဒါန်းသူများ၊ ဆင်လိမ္မာလေးများနှင့်အတူ ပျော်ရွှင်စွာရေပက်ဖျန်းကစားသူများနှင့် ရောဝတီမြစ်ရှုခင်းအလှနောက်ခံဖြင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မကွေးမြို့၌ အတာသင်္ကြန်ချစ်ပြည်သူများ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေ

**မကွေး  မေ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အတာသင်္ကြန်ချစ်ပြည်သူများ ယနေ့ သင်္ကြန်အကျနေ့ နံနက်ပိုင်းမှစတင်၍ မြို့ပေါ်ရှိ ဇာတ်မဏ္ဍပ်အပါအဝင် ရပ်ကွက်မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဇာတ်မဏ္ဍပ်နှင့် ရပ်ကွက်များရှိ မဏ္ဍပ်များတွင် ယိမ်းအဖွဲ့များ၊ တေးသံရှင်များက သီဆိုဖျော်ဖြေခြင်း၊ စေတနာရှင်များက စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်းများအပြင် သင်္ကြန်ချစ်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲတော်အား ပါဝင်ဆင်နွှဲနိုင်ရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

မကွေးမြို့ပေါ်တွင် ဇာတ်မဏ္ဍပ်တစ်ခု၊ ရပ်ကွက်ရေကစားမဏ္ဍပ် ရှစ်ခုရှိရာ ဇာတ်မဏ္ဍပ်တွင် ရပ်ကွက်များမှ သင်္ကြန်ယိမ်းအဖွဲ့ ၁၄ ဖွဲ့က အလှည့်ကျဖျော်ဖြေပေးလျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ကို ကမ်းနားလမ်းတစ်လျှောက် မဲထီးလမ်းထိပ်မှ ကျောက်သားဥယျာဉ်အထိ ပါဝင်ဆင်နွှဲလျက်ရှိကြောင်းနှင့် မြန်မာ့ရိုးရာနှစ်သစ်ကူး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဖုန်းဖြင့်ရိုက်ကူးထားသည့် အလှဓာတ်ပုံပြိုင်ပွဲကိုလည်း ပါဝင်ယှဉ်ပြိုင်စေပြီး ဆုရရှိသူများကို ယခုလ ၃၀ ရက်တွင် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**





ကမ္ဘာ့အံ့ဩဖွယ်စာရင်းဝင် မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီတော်သို့ ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

နန္ဒကျော်စွာ



၁၃၈၀ ပြည့်နှစ် သာပေါင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်း ပြည်သူ့ပန်းခြံ ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲ ရေသဘင်ပွဲဆင်နွှဲနေကြသူများကို ဧပြီ ၁၃ ရက်က တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)



## မော်လမြိုင်မြို့ သင်္ကြန်ပွဲတော်(အကျနေ့)တွင် ပြည်သူများစည်ကားစွာ ပါဝင်ဆင်နွှဲ

**မော်လမြိုင် ဧပြီ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်(အကျနေ့)တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

**စတုဒိသာ ညှော်ခံကျွေးမွေး**

သင်္ကြန်အကျနေ့တွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်တွင် နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များ၊သင်္ကြန်ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေလျက်ရှိပြီး အခြားမဏ္ဍပ်များတွင် စတိတ်ရှိုးကဏ္ဍများဖြင့် ညှော်ခံဖျော်ဖြေမှုများအပြင် စတုဒိသာများ ညှော်ခံကျွေးမွေးခြင်းများလည်း ပြုလုပ်ကြသည်။

ယင်းအပြင် မော်လမြိုင်မြို့ပေါ်ရပ်ကွက်တိုင်း၌လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက်၊ လမ်းများအလိုက် ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြကာ စတုဒိသာကျွေးမွေးညှော်ခံမှုများကိုလည်း ပြုလုပ်ကြသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ အတာသင်္ကြန်ပွဲတော်(အကျနေ့)တွင် ဒေသခံပြည်သူများက မဏ္ဍပ်များမှ ဖျော်ဖြေသည့်အစီအစဉ်များကို လာရောက်ကြည့်ရှုခြင်း၊ မြို့ပေါ်ရပ်ကွက်များမှ မဏ္ဍပ်များသို့ ရေပက်ခံထွက်ခြင်းများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်၌ ရေပက်ခံထွက်သူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ လမ်းလျှောက်သူများ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ကားများဖြင့် ရေပက်ခံထွက်ကြသော ကလေး၊ လူငယ်၊ လူကြီးများဖြင့် စည်ကားခဲ့ပြီး သင်္ကြန်တွင်းကာလ ဘုန်းတော်ကြီးကျောင်းများ၌လည်း ဥပုသ်သီလ ဆောက်တည်သူများ များပြားလျက်ရှိကြောင်း သိရသည်။

**အထူးစည်ကား**

သင်္ကြန်အကျနေ့ နံနက် ၉ နာရီမှ စတင်ပြီး ည ၉ နာရီအထိ ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် မှန်လုံကားဝင်းအတွင်းရှိ ဗဟိုမဏ္ဍပ်တွင် ခေတ်ပေါ်သံစုံတီးဝိုင်းများ တီးခတ်၍ တေးသံရှင်များ၏ ညှော်ခံဖျော်ဖြေရေး အစီအစဉ်များ၊ မြန်မာ့ရိုးရာအိုးစည်အကများဖြင့် ဖျော်ဖြေပြီး ဒေသခံပြည်သူများက ပျော်ရွှင်စွာ ရေကစားခဲ့ကြရာ အထူးစည်ကားခဲ့ကြောင်း မြင်တွေ့ရသည်။

ထို့အတူ သင်္ကြန်ပွဲတော်ကာလအတွင်း မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မြို့တွင်း လှည့်ကင်းပတ်ကင်းများ၊ ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေး CCTVကင်မရာများဖြင့် စောင့်ကြည့်လျက်ရှိပြီး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အဓိကလမ်းမကြီးများတွင် ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**





## ရေဦးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရေဦး ဧပြီ ၁၄**

ရေဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ကွက်ကျေးရွာလူငယ်မောင်မယ်များ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် "မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီက အောင်ဆန်းရပ်ကွက် မဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်ကိုလည်းကောင်း၊ ညနေ ၅ နာရီတွင် မန်ကြီးတောကျေးရွာ လူငယ်အတာရေကစားမဏ္ဍပ်ကိုလည်းကောင်း စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

ရေကစားမဏ္ဍပ်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ရေကစားမဏ္ဍပ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်ပြီး သင်္ကြန်ယိမ်းအဖွဲ့လှပျိုဖြူလေးများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် မြို့နယ်တာဝန်ရှိသူများက ရေကစားမဏ္ဍပ်နှင့် ယိမ်းအဖွဲ့တို့အား ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ရေကစားကြသော ပရိသတ်များအား စတုဒိသာနှင့် ရေခဲမုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ပြည်သူ့နီတိစကားဝိုင်း

ကောင်းသန့်

၂၀၁၉ ခုနှစ် ဧပြီ ၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပြည်လမ်းစိန်ရတုခန်းမ၌ ပြည်သူ့နီတိစကားဝိုင်း ကျင်းပခဲ့ပါသည်။

ထိုစကားဝိုင်းကို အဆင့်မြင့်ပညာဦးစီးဌာန မြန်မာစာရေးဆရာကလပ်နှင့် ရှိုင်ရယ်မြန်မာတီးမစ်တို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပါသည်။

**ဆွေးနွေးကြသူများ**

ထိုစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူက စာရေးဆရာ ဒါရိုက်တာမင်းခိုက်စိုးစန်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင် နေမင်း၊ အဆိုတော်ဇော်ဝင်းထွဋ်၊ စာရေးဆရာမ သန်းမြင့်အောင်၊ ဆရာထင်လင်းဦးနှင့် ဆရာမောင်သာချို တို့က ဆွေးနွေးကြပါသည်။

အခမ်းအနားမှူးအဖြစ် ဆရာမနှင်းဝေငြိမ်းနှင့် ဆရာမာန်(တောင်လုံးပြန်) တို့က ဆောင်ရွက်ကြပါသည်။

**တက်ရောက်ကြသူများ**

ပြည်သူ့နီတိစကားဝိုင်းကို အခြေခံပညာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြို့နယ်ပညာရေးမှူးများ၊ မြို့နယ် ၄၃ မြို့နယ်မှ ထက်/လယ်/ မူ ဆရာ ဆရာမ ၅၀၀ ကျော် တက်ရောက်အားပေးခဲ့ကြပါသည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ချုပ်၊ ကင်းထောက်မှူးချုပ်၊ ကင်းထောက်မှူးကြီးနှင့် ကင်းထောက်မောင်မယ် ၁၅၀ ကျော် တက်ရောက်ကြပါသည်။

စာပေနှင့်ပတ်သက်သောအဖွဲ့အစည်း ၁၁ ခုမှ စာရေးဆရာများ၊ စာပေဝါသနာရှင်များ၊ ပရဟိတအဖွဲ့အစည်းများမှ လူငယ်ကျောင်းသား ၃၀၀ ကျော် တက်ရောက်နားထောင်ကြပါသည်။

အခြားဖိတ်ကြားထားသော ဧည့်သည် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသဖြင့် ခန်းမကြီးတစ်ခုလုံး ပြည့်လျှံပြီး ထိုင်စရာ ခုံမရှိတော့၍ ခန်းမနောက်က စင်မြင့်များပေါ်တွင် နေရာယူကြရပါသည်။

**ပြည်သူ့နီတိစကားဝိုင်း**

လူပေါင်းထောင်ကျော် တက်ရောက်အားပေးခဲ့ကြသော်လည်း တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုနေသော ဆူညံသံများ မကြားရပါ။ အမှိုက်ပုံးများ ထားပေးသဖြင့် ကျွေးမွေးဧည့်ခံသော မုန့်ဘူးများကို အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်ခဲ့ကြသည်။ တယ်လီဖုန်းမြည်သံ၊ တယ်လီဖုန်းပြောဆိုနေသံလည်း မကြားရသည့် တကယ့်ပီပြင်သည့် ပြည်သူ့နီတိစကားဝိုင်းပွဲ ဖြစ်ပါသည်။

ဤခန်းမတွင်းသို့ ရောက်ရှိနေကြသူများသည် ပြည်သူ့နီတိကိုသိပြီး ပြည်သူ့နီတိကို လက်တွေ့ကျင့်သုံးသွားကြသော မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။

မိန့်ခွန်းပြောကြားသွားသည့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာစာရေးဆရာကလပ် ဒုတိယဥက္ကဋ္ဌ (၁) ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)တို့ကလည်း ငယ်ငယ်က ကင်းထောက်လုပ်ခဲ့ကြပြီး ပြည်သူ့နီတိနှင့် ယဉ်ပါးခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ကျွန်တော်နှင့် ပြည်သူ့နီတိခေါင်းစဉ်တပ်ပြီး ပြောခဲ့ပါသည်။ ရန်ကုန်တွင် ပြည်သူ့နီတိလိုအပ်ပုံ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့နီတိရေးဖြေပြိုင်ပွဲ ကျင်းပခဲ့ပုံအကြောင်း ပြောဆိုပြီး နောင်တွင်လည်း ပြည်သူ့နီတိရေးဖြေပြိုင်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့၏။




**ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ကျွန်တော်နှင့် ပြည်သူ့နီတိခေါင်းစဉ်တပ်ပြီး ပြောခဲ့ပါသည်။ ရန်ကုန်တွင် ပြည်သူ့နီတိလိုအပ်ပုံ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့နီတိရေးဖြေပြိုင်ပွဲ ကျင်းပခဲ့ပုံအကြောင်း ပြောဆိုပြီး နောင်တွင်လည်း ပြည်သူ့နီတိရေးဖြေပြိုင်ပွဲများ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြား**

**စကားဝိုင်းစတင်**

စကားဝိုင်းကို ဆရာမင်းခိုက်စိုးစန်က ရုပ်ရှင်သရုပ်ဆောင် နေမင်းနှင့် စခဲ့၏။

ညီလေး ငယ်ငယ်က ပြည်သူ့နီတိ ချိုးဖောက်ခဲ့ဖူးသလား။

ဟုတ်ကဲ့ ချိုးဖောက်ခဲ့ဖူးပါတယ်။

ဘာတွေ ချိုးဖောက်ခဲ့ဖူးလဲ။

စာမေးပွဲမှာ စာခိုးချခဲ့ဖူးပါတယ်။ ကျောင်းလည်း ပြေးဖူးပါတယ်။

အဲဒီတုန်းကတော့ ကျောင်းသားတွေရဲ့ လုပ်ရိုးလုပ်စဉ်ထင်ပြီး လုပ်ခဲ့မိတာပါ။

ညီလေး အတင်းကော ပြောဖူးလား။

ပြောဖူးပါတယ်။ အဲဒီလိုပြောဖူးတဲ့အတွက် နောင်တရပါတယ်။ တချို့ကိစ္စတွေက ဥပဒေပြဋ္ဌာန်းထားပြီး မလိုက်နာရင် ပြစ်ဒဏ်ကျခံရပါတယ်။ တချို့ကိစ္စတွေက ဥပဒေပြဋ္ဌာန်းမထားပေမယ့် ကျင့်ဝတ်စည်းကမ်းတွေ ရှိပါတယ်။ အဲဒီကျင့်ဝတ်စည်းကမ်းတွေ ချိုးဖောက်ရင် လူ့အဖွဲ့အစည်းကပေးတဲ့ မမြင်ရတဲ့ ပြစ်ဒဏ်တွေကို ခံစားရပါတယ်။ အဲဒီပြစ်ဒဏ်က ပိုဆိုးပါတယ်။ ဥပဒေ မလိုက်နာလို့ပေးတဲ့ပြစ်ဒဏ်ကိုကျခံပြီးရင် အဲဒီအပြစ်က လွတ်မြောက်သွားပါတယ်။

**လူ့အဖွဲ့အစည်းကပေးတဲ့ပြစ်ဒဏ်**

လူ့အဖွဲ့အစည်းကပေးတဲ့ မမြင်ရတဲ့ ပြစ်ဒဏ်ကတော့ ဘယ်အချိန်လွတ်မယ်မှန်းမသိဘဲ တနုံ့နုံ့ ခံစားရပါတယ်။

နေမင်း၏စကားသံက သူ့ကိုယ်တွေ့ကို ပြောပြသလို နားထောင်ရသူတွေ ခံစားရပါသည်။

ဆရာမောင်သာချိုက ပြည်သူ့နီတိကို နိုင်ငံတကာမှာ ကျင့်သုံးနေမှုတွေ ပြောဆိုသွားပြီး မြန်မာနိုင်ငံနှင့် ဘာကွာသလဲ ဆန်းစစ်ပြသွားပါသည်။

**ပြည်သူ့နီတိစည်းမျဉ်း၊ စည်းကမ်းတွေရှိ**

ပြည်သူ့နီတိစည်းမျဉ်း၊ စည်းကမ်းတွေက နိုင်ငံတကာမှာရှိသလို မြန်မာနိုင်ငံမှာလည်း ရှိပါတယ်။ သူတို့နိုင်ငံတွေက လက်တွေ့လိုက်နာကျင့်သုံးနေကြပေမယ့် ကျွန်တော်တို့နိုင်ငံက လိုက်နာကျင့်သုံးခြင်း မရှိပါဘူး။ ဘာကွာသလဲဆိုတော့ လုပ်တာနဲ့ မလုပ်တာဘဲ ကွာပါတယ်။

**အပြန်အလှန်ဆွေးနွေး**

ဆရာမသန်းမြင့်အောင်ကလည်း ရန်ကုန်မြို့အမှိုက်ပြဿနာဖြေရှင်းနည်းတွေကို ပြောပြပြီး ကျောင်းတွေမှာ အမှိုက်မပစ်အောင် စည်းရုံးဟောပြောနေကြောင်း ပြောပြသွားခဲ့၏။

ဆရာထင်လင်းဦးက ပြည်သူ့နီတိဆိုတာ ဘာလဲ၊ ပြည်သူ့နီတိလို့ပြောရင် ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုသာမက နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်နှင့် တာဝန်၊ နိုင်ငံ့သားကောင်းဖြစ်ရေး၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းတည်ဆောက်ရေး၊ သဘာဝပတ်ဝန်းကျင် ချစ်ခင်မြတ်နိုးတန်ဖိုးထား စောင့်ရှောက်ကာကွယ်ရေးအထိ ပါဝင်သည့်အကြောင်း ပြောပြသွားသည်။

နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ်ကို ဆရာမင်းခိုက်စိုးစန်က မေးသည်။

အစ်ကို ပြည်သူ့နီတိမသိတဲ့ လူတွေနဲ့တွေ့ကြုံခံစားခဲ့ရဖူးသလား။

ခံစားခဲ့ဖူးတာပေါ့။ အိမ်ကထွက်လိုက်တာနဲ့ ပြည်သူ့နီတိ မသိတဲ့သူတွေနဲ့ တစ်နေကုန်တွေ့ကြုံခံစားပြီး စိတ်ပင်ပန်း လူပင်ပန်းဖြစ်ခဲ့ရပါတယ်တဲ့။

ထိုကဲ့သို့ ပြည်သူ့နီတိမသိသည့် လူများကြောင့် တွေ့ကြုံခံစားသူတိုင်း စိတ်မသက်မသာဖြစ်ခဲ့ရသည်ကို လူတိုင်းအသိဖြစ်မည်ထင်ပါသည်။

ထို့ကြောင့် မြန်မာစာရေးဆရာကလပ်က မြန်မာနိုင်ငံ ပြည်သူ့နီတိ ပြန့်ပွားထွန်းကားရေးကို တစိုက်မတ်မတ် လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

မြန်မာစာရေးဆရာကလပ်သည် ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ အထက်တန်းကျောင်းပေါင်း ၈၂ ကျောင်း၊ တက္ကသိုလ်ကောလိပ် သိပ္ပံပေါင်း ၄၉ ခုတွင် ပြည်သူ့နီတိအသိပညာပေးဟောပြောပွဲတွေ ကျင်းပခဲ့ပါသည်။

ချစ်ဦးညို၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ ဂျူး၊ မောင်သာချို၊ မောင်စိန်ဝင်း (ပုတီးကုံး)၊ အကြည်တော်၊ ညီမင်းညို၊ ဦးဘုန်း(ဓာတု)၊ မာန်(တောင်လုံးပြန်)၊ သရဝဏ်(ပြည်)၊ ထင်လင်းဦး၊ မင်းခိုက်စိုးစန် အစရှိသည့် စာရေးဆရာပေါင်း ၃၀ ကျော်က လိုက်လံဟောပြောခဲ့ကြပါသည်။

**အထူးကျေးဇူးတင်**

ပြည်သူ့နီတိဟောပြောပွဲများကို ပါဝင်ကူညီစီစဉ်ပေးခဲ့သော ပညာရေးဝန်ကြီးဌာနနှင့် ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် သတင်းထုတ်ပြန်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနအား မြန်မာစာရေးဆရာကလပ်က အထူးကျေးဇူးတင်ရှိပါသည်။

ပြည်သူ့နီတိပြန့်ပွားထွန်းကားရေးအတွက် မြန်မာစာရေးဆရာကလပ်ကို အဘက်ဘက်မှ ပါဝင်ကူညီပံ့ပိုးပေးပါသော ရှိုင်ရယ်မြန်မာတီးမစ်မိသားစုကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရှေ့ဆက်ပြီး ပြည်သူ့နီတိ ဟောပြောပွဲများ၊ ပြည်သူ့နီတိစကားဝိုင်းများ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ လုပ်ငန်းဆွေးနွေးပွဲများ၊ ရေးဖြေပြိုင်ပွဲများ၊ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်သူ့နီတိအသိပညာပေးလုပ်ငန်းကို စိတ်ပါဝင်စားသော ဘဏ်လုပ်ငန်းပိုင်ရှင်များ၊ MPT အစရှိသည့် မိုဘိုင်းအော်ပရေတာများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ပါဝင်ပူးပေါင်းကူညီနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

မည်သည့်အစိုးရတက်တက် မည်သည့်စနစ်ကိုပဲ အကောင်အထည်ဖော်ဖော် ပြည်သူများ၏ အသိဉာဏ်မဖွံ့ဖြိုး၊ မပြောင်းလဲပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာမည်မှာ သေချာပါသည်။

**တိုက်တွန်းနှိုးဆော်**

ပြည်သူ့နီတိမသိသောသူများနှင့် နိစ္စဓူဝ ဆက်ဆံပေါင်းသင်းနေရသော ဒုက္ခများမှ ကင်းဝေးလွတ်မြောက်ရန်အတွက်မြန်မာစာရေးဆရာကလပ်နှင့် ပူးပေါင်း၍ ပြည်သူ့နီတိအသိပညာပေးလုပ်ငန်းကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ရန်ကုန်မဟာသင်္ကြန်အကျနေ့ စတုဒိသာကျွေးမွေးလှူဒါန်းသူများပြား

**ရန်ကုန် ဧပြီ ၁၄**
မြန်မာတို့၏ မဟာသင်္ကြန်ကာလတွင် မပါမရှိသော အလှူဒါနတစ်ခုမှာ စတုဒိသာကျွေးမွေးခြင်းဖြစ်ရာ ယနေ့ သင်္ကြန်အကျနေ့တွင်လည်း ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီး တွင် သင်္ကြန်အစားအစာများဖြစ်သည့် ရွှေရင်အေး၊ မုန့်လုံး ရေပေါ်၊ သင်္ကြန်ထမင်း၊ သာကူ၊ အအေးမျိုးစုံနှင့် ထမင်း၊ ဟင်းလျာများ ကျွေးမွေးလှူဒါန်းကြသူများ၊ လာရောက် သုံးဆောင်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရ သည်။



၄၃ လမ်း ပိတောက်ရိပ်စတုဒိသာမဏ္ဍပ်တွင် လာရောက်သုံးဆောင်နေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**ဖိတ်ခေါ်**

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်ရှိ ၄၃ လမ်း ပိတောက်ရိပ်မဏ္ဍပ်မှ အလှူရှင် မဇာခြည်ဝင်းက "အလှူရှင်ကအားလုံး သုံးဦးပါ။ တစ်ယောက်ကို တစ်ရက် စီနဲ့ သုံးရက်ကျွေးမှာပါ။ ကျွန်မက ဒီနေ့ သင်္ကြန်အကျနေ့မှာ သီးစုံကုလားဟင်းနဲ့ ငါးခြောက်ထောင်းကျွေးပါတယ်။ နောက်ရက် သင်္ကြန်အကြတ်နေ့မှာ ကြက်အာလူးနဲ့ နောက်ဆုံးနေ့မှာ ဒန်ပေါက် ကျွေးမှာပါ။ လူမျိုးဘာသာ မရွေးလာစားလှည့်ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈ လမ်း စတုဒိသာမဏ္ဍပ်မှ ကိုမင်းထွဋ်က "နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုအရပဲ ဖြစ်ဖြစ်၊ ဘယ်ဘာသာ ဝင်ပဲဖြစ်ဖြစ် အခုလို ကျွေးမွေးလှူဒါန်းတာ ကောင်းမွန်တဲ့ အလုပ်လို့ လက်ခံထားပြီးသားပါ။ အခုလို လှူဒါန်းရတာ ပျော်ဖို့လည်းကောင်းတယ်၊ ဝမ်းသာဖို့ လည်းကောင်းပါ တယ်။ ကျွန်တော်တို့လမ်းထဲက ညီအစ်ကိုမောင်နှမတွေ ပေါင်းပြီး သီးစုံပဲကုလားဟင်း၊ ဘဲဥနဲ့ ထမင်းကျွေးဖြစ်ပါ တယ်။ နှစ်စဉ်လည်း ကျွေးဖြစ်ပါတယ်"ဟု ပြောသည်။

**စည်ကားလျက်ရှိ**

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၄၉ လမ်းထောင့်ရှိ စတုဒိသာမဏ္ဍပ်၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ဗိုလ်တထောင် မိသားစု ရေကစားမဏ္ဍပ်၊ ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ သျှိုင်းရေကစားမဏ္ဍပ်တို့တွင်လည်း ယနေ့ နံနက်ပိုင်းက ရေပက်ခံယာဉ်များနှင့် ရေကစားသူများ၊ စတုဒိသာ လာရောက်သုံးဆောင်သူများဖြင့် စည်ကားလျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့က မနက်အစောကြီးကတည်းက ကားနဲ့ ရေပက်ခံထွက်ကြတာ။ အခု ဗန္ဓုလတံတားက ပြန်ဆင်းမလို့ ဒီ ၄၉ လမ်းနားရောက်တော့ ထမင်းကျွေးတာ တွေ့တာနဲ့ ဝင်စားတာ။ အလှူရှင်တွေကို ကျေးဇူးတင်ပါ တယ်"ဟု ကားဖြင့် ရေပက်ခံထွက်လာသည့် ဒဂုံမြို့သစ် အရှေ့ပိုင်းမှ ကိုကျော်စွာက ပြောသည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော် လမ်းထောင့်ရှိ သျှိုင်းမဏ္ဍပ်မှ ဒေါ်တင်တင်နွဲ့က " နှစ်စဉ် နှစ်တိုင်း သင်္ကြန်ရက်တွေမှာ မုန့်လုံးရေပေါ်၊ ကြာဆံကြော်၊ သီးစုံထမင်းဟင်း၊ ကြက်သားအာလူး စတာတွေ လှူသွား မယ်။ ဒီနှစ်လည်း လေးရက်စလုံးလှူမှာပါ။ သင်္ကြန်မှာ လျှောက်လည်ပြီး ဗိုက်ဆာလာရင် စတုဒိသာမဏ္ဍပ်မှာ ဝင်စား၊ ဘယ်လောက်အဆင်ပြေလဲ။ သင်္ကြန်မှာ အာဟာရ အတွက် လိုအပ်တဲ့ ကွက်လပ်လေးကို ဖြည့်ပေးတာပါ" ဟု ပြောသည်။

**လိုက်လံဝေငှ**

ရန်ကုန်မြို့ရှိ အင်းလျားလမ်း၊ ပြည်လမ်း၊ ဆူးလေ ဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းတို့တွင် ရေပက်ခံ ထွက်လာသူများအား နာမည်ကြီးကုမ္ပဏီများနှင့် အချို့ သော အလှူရှင်များက အချိုရည်ပုလင်းများ၊ ကော်ဖီများ၊ အအေးများ၊ ကြာဆံကြော်များကို အိတ်များဖြင့်ထည့်၍ လိုက်လံဝေငှနေမှုများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြ သည့် မြင်ကွင်းများကိုလည်း ယနေ့ သင်္ကြန်အကျနေ့တွင် တွေ့ရသည်။

ယနေ့ သင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့၏ မြို့လယ် ကောင်ဖြစ်သည့် ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ပုဇွန်တောင် အစရှိသည့် မြို့နယ်များနှင့် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ် လေးမြို့နယ်နှင့် အခြားသော မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများရှိကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-နေလင်း**



ဧပြီ ၁၄ ရက် မဟာအတာသင်္ကြန်အကျနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၄၃ လမ်းထိပ်ရှိ ပိတောက်ရိပ်ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာရေပက်ကစားနေစဉ်။ အောင်ငွေ




ဧပြီ ၁၄ ရက် အတာသင်္ကြန်အကျနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်း၌ Enervon-C Forever တို့၏ သင်္ကြန်ပျော်ပွဲ ရှင်ပွဲတွင် ကလေးငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲစဉ်။ အောင်ငွေ

# ပုဇွန်တောင်ရေကျော်လမ်း သင်္ကြန်အကျနေ့တွင် အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားသူများဖြင့် စည်ကား

**ပုဇွန်တောင် ဧပြီ ၁၄**
ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်း ရေကျော်ဈေးလမ်းတွင် ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) က အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း ရေပက်ခံထွက်သူ တစ်ဦးထံမှ သိရသည်။

**စည်စည်ကားကား**

"ဒီနှစ်သင်္ကြန်အကျနေ့မှာ ရေပက်ခံထွက်သူတွေ မနှစ်ကထက် ပိုစည်တာကိုတွေ့ရတယ်။ ပုဇွန်တောင် မြို့နယ်အတွင်းက ရေကျော်လမ်းမပေါ်မှာဆိုရင် မြို့နယ် မဏ္ဍပ်အပါအဝင် တခြားရေကစားမဏ္ဍပ်ငယ်လေးတွေ တစ်ဆက်တည်းရှိနေတာဆိုတော့ အစည်ဆုံးပဲ။ နှစ်သစ် ကို အားလုံးအေးချမ်းပျော်ရွှင်စွာ ရေပက်ကစားရင်း ကြိုဆို တဲ့သူတွေအပြင် သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ ရွှေရင် အေး၊ မုန့်ဟင်းခါး စတဲ့ စတုဒိသာ ကျွေးမွေးသူတွေလည်း လမ်းအလိုက် စည်စည်ကားကားရှိသလို ရွှေဘုန်းပွင့် ဘုရားမှာလည်း ဥပုသ်သတင်းသီလဆောက်တည်သူတွေနဲ့ စည်ကားလျက်ရှိပါတယ်"ဟု ရေပက်ခံထွက်သူတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်တွင်းရေးရာ

○ ကျောဖုံးမှ

သုဝဏ္ဏနေ ကိုထွန်းထွန်းက "မိသားစုနဲ့ အင်းလျားလမ်း လမ်းလျှောက်သင်္ကြန်ကို လာတာပါ။ လမ်းလျှောက်သင်္ကြန်တွေက ရန်ကုန်မြို့မှာ ငါးနေရာလောက်ရှိတယ်။ အင်းလျားလမ်း လမ်းလျှောက်သင်္ကြန်ကတော့ တော်တော်စည်တယ်။ လူတွေများတော့ မနည်းတိုးသွားနေရတယ်။ ဖျော်ဖြေရေးမဏ္ဍပ်မှာလည်း နာမည်ကြီးအဆိုတော်တွေ လာကြတယ်" ဟု ပြောသည်။

ထို့အတူ ဗဟန်း၊ ရန်ကင်း၊ လသာ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ ဗိုလ်တထောင်၊ သဃ်ာန်းကျွန်း၊ ကမာရွတ်မြို့နယ် ရေကစားမဏ္ဍပ်များတွင်လည်း ရေလောင်းရေပက်သူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိသည်။

ကျောက်တံတားမြို့နယ် သျှိုင်းရေကစားမဏ္ဍပ်၊ လသာမြို့နယ် ၁၉ လမ်းရှိ SKY NET ရေကစားမဏ္ဍပ်၊ ဗိုလ်တထောင်မြို့နယ် ၄၃ လမ်းအနီးရှိ ဗိုလ်တထောင် မိသားစုရေကစားမဏ္ဍပ်နှင့် ကျွန်းတောလမ်းရှိ DR Z မိသားစုရေကစားမဏ္ဍပ်တို့တွင် ရေကစားခြင်းနှင့်အတူ စတုဒိသာကျွေးမွေးလှူဒါန်းလျက်ရှိပြီး သင်္ကြန်အတက်နေ့အထိ ကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ မဏ္ဍပ်တာဝန်ခံများထံမှ သိရသည်။

### ပို့ပြီးစည်ကားအောင်လုပ်နေ

ဗိုလ်တထောင်မိသားစု ရေကစားမဏ္ဍပ်မှ ဒေါက်တာသာဉာဏ်က "ဒီမဏ္ဍပ်က နှစ်တိုင်းလုပ်ဖြစ်တာ ၁၂ နှစ်လောက်ရှိပြီ။ မြို့နယ်မှာ ရပ်ကွက် ၁၀ ခုရှိတယ်။ အကြိုနေ့ကစပြီး သင်္ကြန်အတက်နေ့အထိ စတုဒိသာကျွေးမွေးလှူဒါန်းသွားမှာ ဖြစ်ပါတယ်။ သင်္ကြန်ဆို လူတိုင်းက ပျော်နေကြတယ်။ တစ်နှစ်ထက်တစ်နှစ် ပို့ပြီးစည်ကားအောင် လုပ်နေပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတ၊ ဒေါပုံ၊ သဃ်ာန်းကျွန်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံဆိပ်ကမ်း၊ လှိုင်သာယာနှင့်ရွှေပြည်သာ အစရှိသည့် မြို့နယ်များတွင်လည်း မိသားစုအုန်းလက်ရေကစားမဏ္ဍပ်များဖြင့် ရေပက်ကစားကြသကဲ့သို့ သန်လျင်မြို့နယ်ရှိ လမ်းတစ်လျှောက်တွင်လည်း ရေကစားသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းနေ ကိုမော်ကြီးက "ဒီနေ့တော့ ကိုယ့်မြို့နယ်ထဲမှာပဲ လျှောက်လည်လိုက်တယ်။ ရေကစားမဏ္ဍပ်အကြီးကြီးတွေတော့ မတွေ့ရဘူး။ မိသားစု အုန်းလက်မဏ္ဍပ်လေးတွေကတော့ နေရာတိုင်းတွေ့ရတယ်။ သူ့အတိုင်းတာနဲ့သူတော့ စည်ပါတယ်။ အကြတ်နေ့ကျမှပဲ မိသားစုနဲ့ မြို့ထဲလျှောက်လည်တော့မယ်"ဟု ပြောသည်။

**သတင်း - ရဲခေါင်၊ မင်းသစ်၊ ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**



မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်၌ မြန်မာ့ရိုးရာတိုင်းရင်းသားလမ်းလျှောက် မဟာသင်္ကြန်တွင် သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြစဉ်။



မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ မြကျွန်းသာလမ်းလျှောက်သင်္ကြန်၌ သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။



မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်၌ သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေသည်ကို စည်ကားစွာ တွေ့ရစဉ်။



မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ရေပက်ခံကားများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

✻ နေပြည်တော်မှ

ရခိုင်ရိုးရာရေကစားမဏ္ဍပ်တွင်လည်း ရခိုင်တိုင်းရင်းသားများနှင့် သင်္ကြန်ချစ်သူများက ရခိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ရေကစားကြသည်။

မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် လာရောက်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး တေးသံရှင်များနှင့် အနုပညာရှင်များက မဟာသင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး အနုပညာဦးစီးဌာနမှ ယိမ်းအကအဖွဲ့များက အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

**လာရောက်သုံးဆောင်**

ထို့အတူ Sky Net ရေကစားမဏ္ဍပ်၌ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေမှုများဖြင့် လာရောက်ရေကစားကြသူများ အထူးစည်ကားခဲ့ပြီး ရွှေသံလွင်မိသားစု စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်သုံးဆောင်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင်လည်း နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်အားပေးကြပြီး ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

**အမှိုက်ကင်းစင်ရေးဆောင်ရွက်**

နေပြည်တော် ပျဉ်းမနားမြို့ရှိ ပျဉ်းမနားလမ်းလျှောက်သင်္ကြန်ပွဲတော်တွင်လည်း လာရောက်ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် လမ်းတစ်လျှောက် စည်ကားလျက်ရှိပြီး သင်္ကြန်ကာလအတွင်း ပျဉ်းမနားမြို့တွင်း အမှိုက်ကင်းစင်ရေးလှုပ်ရှားမှုအဖြစ် မျှဝေသောလက်များ ပျဉ်းမနားပရဟိတအသင်းက မြို့အတွင်း အမှိုက်ကင်းစင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ နေပြည်တော် ရေပန်းဥယျာဉ်စသည့် နေရာများတွင်လည်း လာရောက်လည်ပတ် အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် သင်္ကြန်ကာလအတွင်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ စတုဒိသာ ကျွေးမွေးအလှူဒါနပြုကြသူများ၊ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ ကိုးခန်းကြီးဘုရား၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်ကြီး စသည့် ဘုရားကျောင်းကန်များတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားစခန်းများတွင် တရားဘာဝနာရှုမှတ်ပွားများကြသူများလည်း များပြားခဲ့ကြကြောင်း သိရသည်။

**သတင်း - မျိုးရဲသူ၊ ဓာတ်ပုံ - သန်းထိုက်ဖုန်**



နေပြည်တော် ရာဇသင်္ဂဟလမ်းပေါ်ရှိ ကိုငြိမ်းမောင်တို့မဏ္ဍပ်တွင် ပျော်ရွှင်စွာရေကစားနေကြသူများကို ဧပြီ ၁၄ ရက်(သင်္ကြန်အကျနေ့)က တွေ့ရစဉ်။

ဓာတ်ပုံ - ကိုသာဗျော


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် လာရောက်ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။


မဟာသင်္ကြန်ကာလအတွင်း ပျဉ်းမနားမြို့အတွင်း အမှိုက်ကင်းစင်ရေးအတွက် မျှဝေသောလက်များ ပရဟိတအသင်းက အမှိုက်ကင်းစင်ရေးလှုပ်ရှားမှု ဆောင်ရွက်စဉ်။

ဓာတ်ပုံ - စိန်တုံးကြီး


ရခိုင်ရိုးရာ ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# မြန်အောင်မြို့တွင် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်အကျနေ့တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်၊ စတုဒိသာများကျွေးမွေးလှူဒါန်း



မဟာသင်္ကြန်အကျနေ့ညပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ဟိန်းထက်(ကြေးမုံ)

**မြန်အောင် မေ ၁၄**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်အကျနေ့ မေ ၁၄ ရက် နံနက်က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်၍ အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲကျင်းပရာ ပရိက္ခရာလမ်း AYAR BANK အနီး မုခ်ဦးရှေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချို၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးနှင့် မြို့မိမြို့ဖ ဦးအောင်မျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး လမ်းလျှောက်သင်္ကြန်ပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်သင်္ကြန်ကျင်းပရာ မြန်အောင်မြို့ ပရိက္ခရာလမ်းတစ်လျှောက်တွင် အလှူရှင်များက သင်္ကြန်အတက်နေ့အထိ စတုဒိသာများ ကျွေးမွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

# ရန်ကုန်မြို့တော်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာ ယိမ်းအက ၁၂ မျိုး ယှဉ်ပြိုင်

**ရန်ကုန် မေ ၁၄**

မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင် ဗဟိုမဏ္ဍပ်၌ သင်္ကြန်အကျနေ့ ယနေ့ ညနေပိုင်းက တိုင်းရင်းသားရိုးရာ အကအဖွဲ့ ခုနစ်ဖွဲ့က ယိမ်းအက ၁၂ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ လေးဝတီရခိုင်ယဉ်ကျေးမှုအဖွဲ့က မဏ္ဍပ်ဝင်တဲ့ရခိုင်သူလေး အမည်ရှိ ယိမ်းအကဖြင့် ကပြဖျော်ဖြေသည်။ယင်းနောက် ပအိုဝ်းယဉ်ကျေးမှုအဖွဲ့ ပအိုဝ်းမူးခေတ်တသာ၊ ဝိဇ္ဇာနဂါး၊ နဂါးနွယ်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်သည်။ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့က ငါးခုံးမအားရေလောင်းပွဲအက၊ ညောန်ပန်ကသေနှင့် ကမ်းပွန်းတပ်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် တီးတိန်မြို့နယ်အသင်း(ရန်ကုန်) ဇိုဂမ်နွမ်းအမည်ရှိ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ကလည်း ညီညာပေသည်၊ ဟန်တင့်သည် အမည်ရှိ ယိမ်းအကဖြင့် ဖျော်ဖြေသည်။

တစ်ဖန် ဇိုမီးလူငယ်အသင်း (ရန်ကုန်)က ထာဒိုကိုထီရာအက၊ ဝါးညှပ်အကတို့ဖြင့် ဖျော်ဖြေသည်။ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနကလည်း ရခိုင်ရိုးရာသင်္ကြန်သရုပ်ဖော်အကဖြင့် ဖျော်ဖြေသည်။

ယနေ့ နံနက်ပိုင်းတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ရာ ပရိသတ်များ အထူးနှစ်ခြိုက်စွာ အားပေးကြသည်။

**မြင့်မောင်စိုး**





မေ ၁၄ ရက်တွင် ညောင်ရွှေမြို့နှင့် အင်းလေးဒေသသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ ရေပေါ်သင်္ကြန် ကျင်းပသော အင်းလေးရေပြင်၌ ရေကစားခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။
နေမျိုးသူရိန်

## မဟာသင်္ကြန်ကာလ အပူဒဏ်အန္တရာယ် အထူးသတိပြုဖွယ်

အပူဒဏ်လွန်ကဲခြင်းကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် မူးမေ့ခြင်းတို့ကို ခံစားရနိုင်ပြီး ပိုမိုပြင်းထန်ဆိုးရွားလာပါက သတိလစ်သည်အထိ ဖြစ်ပွားစေနိုင်ပါသည်။

**အပူဒဏ်ကို ကြိုတင်ကာကွယ်ခြင်း**

- ❖ အရိပ်ရသော နေရာများတွင်သာနေပါ။
- ❖ မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အဝတ်အစားများ ဝတ်ဆင်ပါ။
- ❖ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❖ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ် ပိုမိုခံစားရစေနိုင်သဖြင့် ရှောင်ကြဉ်ပါ။
- ❖ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုကိုကာကွယ်ရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

**အပူဒဏ်လွန်ကဲခြင်းလက္ခဏာများ**

- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း၊ အရေပြားပူ၍ ခြောက်သွေ့ခြင်း(သို့) ချွေးအလွန်အကျွံထွက်ခြင်း။
- ❖ စိတ်ရှုပ်ထွေးခြင်း။
- ❖ သတိလစ်ခြင်း၊ တက်ခြင်း။

**အရေးပေါ်ရှေးဦးသူနာပြုစုနည်း**

- ❖ လူနာအား အရိပ်ရ၍ အေးမြသောနေရာသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
- ❖ လူနာ၏ ကိုယ်ပေါ်သို့ ရေအေးအေးဖျန်းပေးပါ။ ရေပတ်အုပ်ပေးပါ။
- ❖ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
- ❖ လူနာအား လေပန်ကာမှုတ်ပေးပါ(သို့) ယပ်ခပ်ပေးပါ။
- ❖ လူနာ ကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည်တိုက်ပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများကို အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူပါ။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထမ့်ဆမ်းလိုဏ်ဂူတော်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့်စည်ကား



**ဟိုပုံး ဧပြီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ထမ့်ဆမ်းလိုဏ်ဂူတော်၌ မဟာသင်္ကြန်နှစ်သစ်ကူး(အကြို)နေ့တွင် အပန်းဖြေခရီးထွက်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများ အများအပြားလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

သင်္ကြန်ပိတ်ရက်မှာ မိဘများနှင့်အတူ လာရောက်အပန်းဖြေရင်း ရှမ်းပြည်တွင်ရှိသည့် ဘုရားများကို လာရောက်ဖူးမြော်ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့မှ မသီတာကလည်းကောင်း၊ ယခုလို သင်္ကြန်ပိတ်ရက်မှာ အိမ်ပြန်ရင်း ဝင်လည်ခြင်းဖြစ်ကြောင်း လွိုင်လင်မြို့မှ ဦးဝင်းမြင့်ကလည်းကောင်း၊ တောင်ကြီးမြို့မှ မနန်းရွှေခမ်းကလည်း သူငယ်ချင်းများနှင့် လာရောက်အပန်းဖြေခြင်းဖြစ်ကြောင်း၊ ဆက်လက်ပြီး ပင်လုံမြို့ကို သွားလည်မည်ဖြစ်ကြောင်း ပြောသည်။

ဟိုပုံးမြို့နယ်ရှိ ထမ့်ဆမ်းလိုဏ်ဂူတော်၌ ဘုရားဖူးဧည့်သည်များ ပိုမိုစည်ကားလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ ဒေသခံတိုင်းရင်းသားများ ပိုမိုလာရောက်လျက်ရှိကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

# ဥမ္မာဒန္တီကမ်းခြေတွင် သင်္ကြန်အကျနေ့၌ စည်ကား

**ဓနုဖြူ ဧပြီ ၁၄**

ဓနုဖြူမြို့ ဥမ္မာဒန္တီကမ်းခြေ၌ သင်္ကြန်အကျနေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပူပြင်းလှသည့်ရာသီဖြစ်သော်လည်း ကမ်းခြေရှိ သက်ငယ်အမိုးအရိပ်များအောက်တွင် သဘာဝအုန်းရည်၊ အအေး၊ ငါးကင်၊ ခရု၊ ကျောက်ပွင့် စသည့် အစားအသောက်များ မှာယူစားသောက်ရင်း နားနေနိုင်သည်။ သမိုင်းဝင် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း အနီးအနားတွင်ရှိသောကြောင့် သွားရောက်အပန်းဖြေနိုင်သည်။

သင်္ကြန်ကာလတွင် ဓနုဖြူမြို့၏ အများဆုံး လာရောက်အပန်းဖြေသည့်နေရာလည်း ဖြစ်သည့်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှလည်း လာရောက်အပန်းဖြေသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် လှည့်ကင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**





# မြိတ်ကျွန်းစုသင်္ကြန် ပါဝင်ဆင်နွှဲသူ ခရီးသွားဧည့်သည် ၁၀၀၀ ခန့်ရှိ

**မြိတ် ဧပြီ ၁၄**

၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း မြိတ်ကျွန်းစုအတာသင်္ကြန်ပွဲတော်သို့ ခရီးသွားပြည်သူများ သွားရောက်အပန်းဖြေနိုင်စေရန် ခရီးသွားလုပ်ငန်းများမှ ပို့ဆောင်ပေးလျက်ရှိရာ သင်္ကြန်အကျနေ့တွင် မြိတ်ကျွန်းစု ကျွန်းသင်္ကြန်ပွဲတော်သို့ လိုက်ပါဆင်နွှဲသည့် ခရီးသွားပြည်သူ ၁၀၀၀ ခန့်ရှိကြောင်း မြိတ်မြို့နယ်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့်ထံမှ သိရသည်။

လှပသော သဲသောင်ကမ်းခြေ၊ ရောင်စုံကျောက်စရစ်ကမ်းခြေများ၊ စိမ်းစိုသည့် တောအုပ်လေးများ၊ ပြာလဲ့လဲ့ကောင်းကင်အောက်တွင် စိမ်းမြမြပင်လယ်ပြင်အထက် စိတ်ဘဝင်အေး ရင်ခုန်ဖွယ်လှပလွန်းသည့် ကျွန်းများဖြစ်သည့် လေးကျွန်း၊ စမစ်ကျွန်း(ပါပန့်ကျွန်း)နှင့် ဒုံးညောင်မှိုင်း၊ ဒုံးရေတံခွန်များနှင့် တခြားကျွန်းများသို့ မြိတ်မြို့ရှိ ခရီးသွားလုပ်ငန်း ၃၃ ခုမှ ပို့ဆောင်ပေးလျက်ရှိကာ ခရီးသွားဧည့်သည်များအဆင်ပြေစေရေး သင်္ကြန်ရက်များအတွင်း စပိဘုတ်များအပြင် အဲကွန်း အမြန်ရေယာဉ်ကြီးများဖြင့် အားဖြည့်ပို့ဆောင်ပေးလျက်ရှိကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

၎င်းအပြင် မြိတ်မြို့တစ်ဖက်ကမ်းရှိ ပထက်ကျွန်းမှ လျောင်းတော်မူဘုရားကြီးသို့ စက်လှေငယ်များဖြင့် ရပ်နီးရပ်ဝေးမှ သင်္ကြန်ဘုရားဖူးခရီးသည်များ သွားရောက်ဖူးမြော်လျက်ရှိရာ ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံရေးအတွက် ခရီးသွားလုပ်ငန်းများအချင်းချင်း၊ ပင်လယ်ပြင်အတွင်း ခရီးသွားပို့ဆောင်သူများနှင့် မြိတ်မြို့ပေါ်ရှိ ခရီးသွားကုမ္ပဏီများ အပြန်အလှန် အချိန်ပြည့် အချိတ်အဆက်မိမိဖြင့် သတင်းအချက်အလက် ပေးပို့ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင် (ခရိုင် ပြန်/ဆက်)**

# အညာသင်္ကြန် (တောသင်္ကြန်)သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ၆၆ လမ်း ကျုံးအရှေ့ဘက်ခြမ်းရှိ အညာသင်္ကြန်(တောသင်္ကြန်) ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"မန္တလေးမြို့ရဲ့အညာသင်္ကြန် (တောသင်္ကြန်) က မနှစ်ကထက်ပိုပြီး စည်ကားပါတယ်။ အပြင်အဆင်တွေကလည်း ဒီနှစ်က မနှစ်ကထက်ပိုကောင်းပါတယ်။ ကျုံးအရှေ့ဘက်မှာ အများပြည်သူအပန်းဖြေနေရာနဲ့ ပလက်ဖောင်းလည်း အဆင့်မြှင့်တင်ထားတော့ လာရောက်လေ့လာသူတွေ အလွန်စည်ကားပါတယ်။ အညာသင်္ကြန်(တောသင်္ကြန်) မှာ ရှိတဲ့ ဈေးဆိုင်တန်းတွေက အစားအသောက်တွေကလည်း ယခင်နှစ်များနည်းအတူ အထူးသန့်ရှင်းတာ တွေ့ရပါတယ်" ဟု မန္တလေးမြို့မှ လာရောက်လည်ပတ်သူ ဒေါ်သန္တာထွေးက ပြောသည်။

မန္တလေးမြို့ရဲ့အညာသင်္ကြန်(တောသင်္ကြန်) တွင် ဆန်းသစ်လှပသည့်အပြင်အဆင်များ၊ ရေပက်ကစားနိုင်သည့် စဉ့်အိုးကြီးများ၊ မြန်မာ့ရိုးရာရုပ်သေးပွဲများ၊ မြန်မာ့ရိုးရာ ခြင်းခတ်ကစားမှုများ၊ ဆင်အကအလှများအပြင် ဈေးဆိုင်တန်းများတွင် မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ လက်မှုပစ္စည်းအရောင်းဆိုင်များနှင့် အခြားအစားအစာ ဈေးဆိုင်ခန်းများ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်ရှိ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ဆူဒန်နိုင်ငံအတွင်း ငြိမ်းချမ်းသော နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် ကုလသမဂ္ဂအဖွဲ့အား အကူအညီတောင်းခံ

**ခါတွမ် မေ ၁၄**

ဆူဒန်သံတမန်တစ်ဦးက နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသည့်အခြေအနေအရပ်ရပ်ကို သုံးသပ်အကဲဖြတ်ပြီး ဒီမိုကရေစီစနစ်ကူးပြောင်းရေးလမ်းစဉ်တစ်ရပ်ချမှတ်ပေးရန် ကုလသမဂ္ဂအဖွဲ့အား တောင်းဆိုခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။




ဆူဒန်စစ်ကောင်စီက နိုင်ငံအတွင်း ရွေးကောက်ပွဲတစ်ရပ် မကျင်းပမီ နှစ်နှစ်တာကာလအထိ ကြီးကြပ်အုပ်ချုပ်မည်ဖြစ်ကြောင်းနှင့် ဆူဒန်ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိရန်၊ ကူညီထောက်ပံ့မှုများပေးရန်လိုအပ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆူဒန်ဒုတိယသံအမတ်ကြီး ယာဆာ အာဒူလာ အာဒယ်ဆလမ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ရှိရန် မည်သည့်နိုင်ငံမဆို အချိန်အနည်းငယ်ကြာညောင်းသည်ကို သိရှိနားလည်ပါကြောင်းနှင့် ငြိမ်းချမ်းသော နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်ပေါ်စေရန် တောင်းဆိုခြင်းဖြစ်ပါကြောင်း ဆူဒန်သံတမန်က ဆိုသည်။

ဆူဒန်ကာကွယ်ရေးတပ်ဖွဲ့က သမ္မတဘာရှားအား ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် နိုင်ငံအတွင်း ရွေးကောက်ပွဲ မကျင်းပမီ စစ်ကောင်စီက နိုင်ငံ၏အခွင့်အာဏာကို နှစ်နှစ်တိုင်တိုင် ကြီးကြပ်အုပ်ချုပ်မည်ဖြစ်သည်။

သမ္မတဘာရှားအား ရာထူးမှ ဖယ်ရှားခဲ့သော်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများရှိနေသေးသည့်အတွက် ပြည်သူများက ကျေနပ်မှုမရှိဘဲ ဆက်လက်ဆန္ဒထုတ်ဖော်လျက်ရှိကြသည်။ နိုင်ငံအတွင်း ဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရန် အမြန်ဆုံးဆောင်ရွက်သင့်သည်ဟု ဆူဒန်ကာကွယ်ရေးတပ်ဖွဲ့အား အမေရိကန်နိုင်ငံက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်စစ်စခန်းတစ်ခုအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

**ဒမတ်စကတ် မေ ၁၄**

ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ ကာကွယ်ရေးစခန်းတစ်ခုအား အစ္စရေးတပ်ဖွဲ့များက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့ကြောင်း သိရသည်။

မေ ၁၃ ရက် နံနက်ပိုင်းတွင် အစ္စရေးတိုက်လေယာဉ်များသည် ဟာမားစီရင်စုရှိ ကာကွယ်ရေးစခန်းတစ်ခုကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကို ဆီးရီးယားလေကြောင်း ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ဟန့်တားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်တပ်မတော်သားသုံးဦးသေဆုံးခဲ့ပြီး စစ်စခန်းရှိ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က အစ္စရေးလေကြောင်းတိုက်ခိုက်မှုသည် အီရန်လေ့ကျင့်ရေးစစ်စခန်းတစ်ခုအပါအဝင် အီရန်တပ်ဖွဲ့များ အသုံးပြုသော တာလတ်ပစ်ဒုံးကျည်တည်ဆောက်ရေးစခန်းကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်တပ်ဖွဲ့များအား အစ္စရေးတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုများ မကြာခဏလုပ်ဆောင်လျက်ရှိသော်လည်း မည်သည့်အခါမျှ ဝန်ခံပြောကြားခဲ့ခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



# နီပေါနိုင်ငံ လုကာလေဆိပ်တွင် ခရီးသည်တင်လေယာဉ်နှင့် ရဟတ်ယာဉ်တစ်စင်း တိုက်မိ

**ခတ္တမန္ဒူ မေ ၁၄**

နီပေါနိုင်ငံ လုကာလေဆိပ်တွင် ရဟတ်ယာဉ်တစ်စင်းနှင့် Summit Air လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းတို့ တိုက်မိခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အနည်းငယ်ရှိခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

မေ ၁၄ ရက် နံနက်ပိုင်းတွင် လုကာလေဆိပ်၌ ရဟတ်ယာဉ်ရပ်နားရာနေရာတွင် ရပ်နားထားသော Manang Air လေကြောင်းမှ ရဟတ်ယာဉ်တစ်စင်းကို Summit Air လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်က ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းအာဏာပိုင်များက ဆိုသည်။

အဆိုပါ Summit Air ခရီးသည်တင်လေယာဉ်သည် ခတ္တမန္ဒူမြို့မှ လုကာမြို့သို့ သွားသည့် ခရီးစဉ်အတွင်း မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်း အတိအကျကို မသိရှိရသေးပေ။

လုကာလေဆိပ်သည် ကမ္ဘာ့အမြင့်ဆုံးတောင် Qomolangma နှင့် အနီးဆုံးလေဆိပ်တစ်ခု ဖြစ်သည်။ ဧပြီနှင့်မေလသည် နီပေါနိုင်ငံ၏ တောင်တက်ရာသီဖြစ်သည့်အတွက် နိုင်ငံတကာမှ တောင်တက်ဝါသနာပါသူ အများအပြား လာရောက်လျက်ရှိသည်။

နွေဦးရာသီဖြစ်သည့်အတွက် နီပေါနိုင်ငံရှိ ပြည်တွင်းလေကြောင်းလိုင်းများသည် လုကာမြို့သို့ လေယာဉ်ခရီးစဉ် ၅၀ ခန့် နေ့စဉ် ပြေးဆွဲကြကြောင်း သိရသည်။

**ဆင်ဟွာ**

## ပေကျင်းမြို့၌ ဂျပန်-တရုတ် စီးပွားရေးဆွေးနွေးပွဲ ကျင်းပ

**ပေကျင်း မေ ၁၄**

ဂျပန်နှင့်တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ပေကျင်းမြို့တွင် ယနေ့ကျင်းပခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါအစည်းအဝေးသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် ကုန်သွယ်ရေးဝန်ကြီး ဟီရိုရှိဂျီဆီကို အပါအဝင် ဂျပန်ဝန်ကြီးခြောက်ဦး တက်ရောက်ခဲ့သည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက နှစ်နိုင်ငံဆက်ဆံရေးသည် အေးစက်ခဲ့ရာမှ လွန်ခဲ့သောနှစ်က နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လျက်ရှိပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရိက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ယခုအစည်းအဝေးမှ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ဝန်ကြီး ဝမ်ရိက ပြောကြားခဲ့သည်။ ဇွန်လအတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင် ဂျပန်နိုင်ငံသို့ လာရောက်မည့်ခရီးစဉ်မတိုင်မီ နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရလဒ်ကောင်းများ ထွက်ပေါ်စေရေးအတွက် ယခုအစည်းအဝေးတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးစေလိုကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုနိုက ဆိုသည်။ နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများကို ၂၀၀၇ ခုနှစ် နှစ်နိုင်ငံဆက်ဆံရေး အေးစက်ခဲ့သည့်အချိန်ကစပြီး ဆိုင်းငံ့ထားခဲ့ရာမှ ၂၀၀၈ ခုနှစ် ဧပြီလတွင် ပြန်လည်စတင်နိုင်ခဲ့သည်။ ယခုဆွေးနွေးပွဲသည် ငါးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံအတွင်းရှိ ဂျပန်ကုမ္ပဏီပိုင် နည်းပညာများနှင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးဆိုင်ရာနည်းဥပဒေများကို လိုက်နာကျင့်သုံးပေးပါရန်နှင့် ဂျပန်နိုင်ငံ၏ လယ်ယာထွက်ကုန်များတင်သွင်းမှုပိတ်ပင်ထားခြင်းကို ပြန်လည်ဖြေလျှော့ပေးပါရန် ဂျပန်ဝန်ကြီးများက ပြောကြားခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံဝန်ကြီးများက ပေကျင်း၏ ရပ်ဝန်းတစ်သွယ် လမ်းတစ်လမ်းစီမံကိန်းအကောင်အထည်ဖော်ဆောင်မှုအပါအဝင် လက်ရှိဖြစ်ပေါ်နေသော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာ သဘောထားကွဲလွဲမှုများနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့အကြီးဆုံးလေယာဉ်အား ကယ်လီဖိုးနီးယားပြည်နယ်တွင် စမ်းသပ်မောင်းနှင်



**ကယ်လီဖိုးနီးယား မေ ၁၄**

ကိုယ်ထည်နှစ်ခုပါဝင်ပြီး ဘိုးရင်း ၇၄၇ အင်ဂျင်ခြောက်ခုပါရှိသည့် ကမ္ဘာ့အကြီးဆုံး လေယာဉ်တစ်စင်းသည် ဧပြီ ၁၃ ရက်က ကယ်လီဖိုးနီးယားပြည်နယ်တွင် စမ်းသပ်မောင်းနှင် အောင်မြင်ခဲ့ကြောင်း ယနေ့အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဧပြီ ၁၃ ရက်တွင် အဆိုပါကမ္ဘာ့အကြီးဆုံးလေယာဉ်သည် မိုဂျက်ဗ်သဲကန္တာရ ကောင်းကင်ယံပေါ်မှ ဖြတ်သန်းကာ နှစ်နာရီခွဲခန့် ပထမဆုံး ခရီးရှည်တစ်ခု စမ်းသပ်ပျံသန်းမောင်းနှင်နိုင်ခဲ့ကြောင်း သိရသည်။

အာကာသအတွင်း၌ ဂြိုဟ်တုများဖြန့်ကြက်ပေးမည့် ဒုံးပျံတစ်စင်းကို သယ်ဆောင်ရာတွင် အသုံးပြုရန် ရည်ရွယ်ပြီး ယင်းလေယာဉ်အား တီထွင်ခဲ့ခြင်းဖြစ်သည်။

အာကာသအတွင်း ဂြိုဟ်တုများဖြန့်ကြက်ရန် အခြားသော ဒုံးပျံယာဉ်များ အသုံးပြုခြင်းထက် ယခုလေယာဉ်ကြီးသည် ပိုမိုအသုံးဝင်ပုံရသည်ဟု သိပ္ပံပညာရှင်များက ထင်မြင်ယူဆကြသည်။

အဆိုပါလေယာဉ်ကြီးကို Scaled Composites ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်၏ တောင်ပံဖြန့်ကြက်မှုသည် ဘောလုံးကွင်းတစ်ကွင်း၏ အကျယ်ပမာဏထက် ပိုမိုကြီးမားပြီး A 380 အဲဘတ်စ် လေယာဉ်ထက် တစ်ဆခွဲခန့်ပိုမိုကြီးကြောင်း သိရသည်။

လေယာဉ်ကြီး၏တောင်ပံသည် ၁၁၇ မီတာခန့်ရှိပြီး A 380 အဲဘတ်စ်လေယာဉ်၏ တောင်ပံသည် မီတာ ၈၀ ခန့်သာရှိသည်။

ကမ္ဘာ့အကြီးဆုံးလေယာဉ်ကြီးသည် တစ်နာရီ ၃၀၄ ကီလိုမီတာ (၁၈၉ မိုင်)ခန့် အရှိန်ပြင်းမောင်းနှင်နိုင်ပြီး အမြင့်ပေ ၁၇၀၀၀ ပေ (၅၁၈၂ မီတာ) အထိ မြင့်တက်မောင်းနှင်နိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# တပ်မတော်လုံခြုံရေးစစ်ကြောင်းများက AA အဖွဲ့များ၏ သင်တန်းကျောင်းနှင့်စခန်းများအား သိမ်းပိုက်ရရှိ၊ လက္ကာကျေးရွာ၌ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၄**

တပ်မတော်လုံခြုံရေးစစ်ကြောင်းများက ယမန်နေ့မွန်းလွဲပိုင်းတွင် AAအဖွဲ့များ၏သင်တန်းကျောင်းနှင့်စခန်းများအား သိမ်းပိုက်ရရှိပြီး လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပန်းမြောင်ကျေးရွာအနီးပတ်ဝန်းကျင် တောင်ကြောများ၌ AA အဖွဲ့၏ သင်တန်းကျောင်းနှင့် စခန်းများရှိပြီး ၎င်းနေရာမှ မြောက်ဦးမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား ခြိမ်းခြောက်အကျပ်ကိုင်စိုးမိုးမှုများ မကြာခဏပြုလုပ်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းစွာနေထိုင်လိုကြသည့် ဒေသခံများက တပ်မတော်လုံခြုံရေး စစ်ကြောင်းများထံသို့ ၎င်းတို့၏ တည်နေရာများအား သတင်းပေးပို့တိုင်ကြားလာခဲ့ကြသည်။

သို့အတွက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများက အထက်ပါနေရာတစ်ဝိုက်အား မတ် ၁၉ ရက်မှစတင်၍ အဆင့်ဆင့်ခြေကုပ်ယူချဉ်းကပ်တိုက်ခိုက်ခဲ့ရာ AA အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ အကြိမ် ၂၀ ခန့်ဖြစ်ပွားခဲ့ကာ ဧပြီ ၁၃ ရက်မွန်းလွဲ ၂ နာရီ ၃၅ မိနစ်ခန့်တွင် ယာယီလေ့ကျင့်ရေးသင်တန်းကျောင်း နေရာ တစ်ခုအား သိမ်းပိုက်ရရှိခဲ့ပြီး ၎င်းအဖွဲ့များသည် အနောက်တောင်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အလားတူ မြောက်ဦးမြို့နယ် လက္ကာကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ရှာဖွေမှုများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေ ၃ နာရီခန့်တွင် ကိုလပြည့်၏ နေအိမ်ခြံဝင်းအတွင်းမှ ကျည်အိမ် သုံးခု၊ ကျည် ၂၀၃ တောင့်နှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် ကိုလပြည့်၏ အစ်ကိုဖြစ်သူ ဦးမောင်ဦးကျော်၏နေအိမ်မှ လက်ပစ်ဗုံး ၁၀ လုံးအားလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။









သို့ဖြစ်ရာ မြောက်ဦးမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား ခြိမ်းခြောက်နေသည့် AA အဖွဲ့များ၏ သင်တန်းကျောင်းနေရာနှင့် စခန်းကုန်းများအား မောင်းထုတ်ရှင်းလင်းသိမ်းပိုက်ရရှိခဲ့ပြီး အနီးပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်လုံခြုံရေးစစ်ကြောင်းများက နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်း ဗီယက်နမ်သို့ ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၄**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုစတုတ္ထပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။ ရှမ်းယူနိုက်တက်အသင်းတွင် အုပ်ချုပ်၊နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားသည်။

ရှမ်းယူနိုက်တက်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးရဲမျိုးထွန်း၊ နည်းပြချုပ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြ ဦးအောင်ကျော်ထွန်း၊ ဦးဟန်ဝင်းအောင်၊ ဂိုးနည်းပြ ဦးအောင်သက်၊ Kit Manager ဦးစိုးမင်းဦး၊ကစားသမားများအဖြစ် **ဂိုးသမား**-မျိုးမင်းလတ်၊ ဘုန်းသစ္စာမင်း၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ နန္ဒကျော်၊ ဟိန်းသီဟဇော်၊ ပြည့်စုံအောင်၊ **အလယ်တန်း**-နာကာမူရာ၊ ရန်နိုင်ဦး၊ ဆက်ဖြိုးဝေ၊ ဆွမ်လမန်၊ အောင်ရှိုးသာမောင်၊ တင်ဝင်းအောင်၊ **ရှေ့တန်း**-ဂူစတာဗို၊ မေကွန်၊ ဇင်မင်းထွန်းနှင့် ဒွေးကိုကိုချစ်တို့ လိုက်ပါသွားသည်။ ယခုပွဲမှာ ရှမ်းယူနိုက်တက်အသင်းအတွက် အရေးပါသည့်ပွဲဖြစ်ပြီး အဝေးကွင်း၌ နိုင်ပွဲရမှသာ နောက်တစ်ဆင့်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းနှင့် ကစားရမည်ဖြစ်ပြီး ဧပြီ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့အိမ်ကွင်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုသုံးပွဲစလုံး ရှုံးထားပြီး ဘင်ဒေါင်းအသင်းမှာမူ သုံးပွဲကစား လေးမှတ်ရထားသည်။



**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ရှမ်းယူနိုက်တက်**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

# အာရှ ယူ-၁၉ ခြေစစ်ပွဲဒုတိယအဆင့်အတွက် မြန်မာအမျိုးသမီးအသင်း အပြီးသတ်ပြင်ဆင်

**ရန်ကုန် ဧပြီ ၁၄**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲကျင်းပမည့်ကာလ နီးကပ်နေသောကြောင့် သကြံန်ရက်များပင် လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး ခြေစစ်ပွဲကျင်းပမည့် မန္တလေးမြို့၌ ကြိုတင်လေ့ကျင့်မည်ဖြစ်ကာ ဧပြီ ၁၈ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် နည်းပြချုပ် ဒေါ်သက်သက်ဝင်းလက်ထက်တွင် တဖြည်းဖြည်းတိုးတက်လာပြီး မတ်လဆန်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ဂျပန်ကလပ်အသင်းကို အနိုင်ကစားပြီး ဂျပန်၊ ထိုင်းနှင့် ဗီယက်နမ် ယူ-၁၉ လက်ရွေးစင်အသင်းများနှင့် သရေကျခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ထပ်မံကစားရပါက အသင်းအနေဖြင့် ပိုမိုတိုးတက်လာဖွယ်ရှိနေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲပထမအဆင့်တွင် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းကာလတွင် အသင်းအနေဖြင့် ခြေစွမ်းပိုင်းရော ရလဒ်ပါ သိသိသာသာတိုးတက်လာခြင်းဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲထပ်မံကစားခွင့်ရပါက မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအနေဖြင့် ပိုမိုတိုးတက်လာနိုင်သော်လည်း ကစားရန်စီစဉ်မှုအဆင်မပြေသောကြောင့် နှစ်နာခဲ့ရသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဧပြီ ၈၊ ၁၀၊ ၁၂ ရက်တွင် ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး မန္တလေးမြို့သို့ မသွားရောက်မီ ကစားသမားများ လျှော့ချမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အမာခံထားကာ အာရှ ယူ-၁၆ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၁၆ အသင်းမှ ကစားသမားအချို့ကို အားဖြည့်ကာ ကစားသမား ၃၀ ဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-စိုးညွန့်**

# နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိကုန်တိုက် မီးလောင်



**ဇေယျာသီရိ ဧပြီ ၁၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်တိုက်အတွင်းရှိ စားသောက်ဆိုင်တန်း၌ ယနေ့ညနေပိုင်းက ဝိုင်ယာရှော့ဖြစ်ပွားပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇေယျာသီရိကုန်တိုက်အတွင်း ညနေ ၃ နာရီ ၇ မိနစ်ခန့်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုဖြစ်ပွားရာသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးနှင့် နယ်မြေခံတပ်များမှ မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်ငါးစီး၊ နေပြည်တော်ကောင်စီနယ်မြေ မီးသတ်တပ်ဖွဲ့များမှ မီးသတ်ယာဉ်အစီး ၂၀၊ အုပ်ချုပ်မှုယာဉ် ၁၀ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၅ ဦးတို့အပြင် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းဝိုင်းဝန်းငြှိမ်းသတ်ခဲ့ခြင်းကြောင့် ၁၅ မိနစ်အတွင်း မီးညွန့်ကျိုးသွားပြီး ညနေ ၃ နာရီ ၄၇ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့စရောက်တဲ့အချိန်မှာ မျက်နှာစာကနေစပြီး ငြှိမ်းသတ်ပါတယ်။ အဲဒီအချိန်မှာ မီးအားများပြီး တော်တော်လေးတော့ကုန်သွားပါပြီ။ ကုန်သွားတဲ့အချိန်မှာ အောက်မှာကျန်ခဲ့တဲ့ မီးကြွင်းမီးကျန်တွေကိုပါဆက်ပြီးငြှိမ်းသတ်ပေးပါတယ်။ အားလုံးကလည်း ဝိုင်းဝန်းငြှိမ်းသတ်ကြတဲ့အတွက် ၁၅ မိနစ်အတွင်းမှာ မီးညွန့်ကျိုးသွားပါတယ်။ ကုန်တိုက်ဘေးမှာ ရေကန်တွေရှိတဲ့အတွက် မီးငြှိမ်းသတ်ဖို့လည်း ရေအခက်အခဲမရှိခဲ့ပါဘူး။ အဲဒါကြောင့် အချိန်တိုအတွင်းမှာ ငြှိမ်းသတ်နိုင်ခဲ့ပါတယ်"ဟု မီးလောင်ရာသို့ ကိုယ်တိုင်သွားရောက် ငြှိမ်းသတ်ပေးခဲ့သည့် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးတစ်ဦးက ပြောကြားသည်။

မီးငြှိမ်းသတ်စဉ် မှန်ကွဲစထိမှန်သည့် ဒဏ်ရာရရှိသူ (မစိုးရိမ်ရ) နှစ်ဦးရှိခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း၊ ပဏာမစစ်ဆေးချက်များအရ မီးလောင်မှုမှာ ဝိုင်ယာရှော့ကြောင့် မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မီးသတ်ဦးစီးဌာနမှ မီးလောင်ကျွမ်းမှု Level – 2 အဆင့် သတ်မှတ်ကာ မီးငြှိမ်းသတ်ခဲ့ကြောင်း၊ မီးကြွင်းမီးကျန်များမရှိစေရေးနှင့် ကျန်အဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခဲ့ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

**သတင်း-နိုင်လင်းကြည်**
**ဓာတ်ပုံ-ထွန်းလင်း(ပြန်/ဆက်)**

## ဗန်းမောက်မြို့နယ် ဇလုံတောင်အတက်တွင် ယာဉ်တစ်စီးတိမ်းမှောက်၊ သုံးဦးသေဆုံး

**ဗန်းမောက် ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၌ ဇလုံတောင်တက်ယာဉ်တစ်စီး တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဧပြီ ၁၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဗန်းမောက်မြို့နယ် ဇလုံတောင်တက်ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်းသတင်းအရ ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲမှူးလေးမြင့် ဦးစီးသော တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာသို့ သွားရောက်ကြည့်ရှုရာ မြတ်လင်း မောင်းနှင်သော SGG 7I/---- ယာဉ်သည် ဇလုံတောင်အတက်လမ်း ကျောက်မဏ္ဍပ်အလွန် မျော်တောင်အဆင်းနေရာတွင် ကားဘရိတ်ပေါက်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျ တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါ ဘုရားဖူး ၁၉ ဦး၊ ယာဉ်မောင်း တစ်ဦး စုစုပေါင်း ၂၀ အနက် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၇ ဦး ဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဦးသင်းကြူ၊ ရန်ကုန်မြို့ ရွှေပြည်သာ (၈) ရပ်ကွက်နေ ကိုစည်သူထွန်းနှင့် မဇင်မာစိုးတို့ သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ယာဉ်ပေါ့ဆစွာမောင်းနှင်သူ မြတ်လင်း မြန္မာရပ် ဗန်းမောက်မြို့နေသူအား ဗန်းမောက်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## နောင်ချို၊ တာချီလိတ်၊ ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၄**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၃ ရက် နံနက်ပိုင်းက နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်းမပေါ်တွင် ဟုန်ဖာကျုံး(ခ) အောင်နိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ဆပ်ပြာခွက်ရှစ်ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၈၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ တာလေ့ရပ်ကွက် တရုတ်ဘုံကျောင်းလမ်းမပေါ်တွင်တွေ့ရှိသူ ထိုင်းနိုင်ငံသား Mr. Nok Noi Srithanyarat အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ပြားကိုလည်းကောင်း။

ထို့အတူ ဧပြီ ၁၂ ရက် ညပိုင်းက ပင်ဖြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ပင်ဖြစ်ကျေးရွာနေ စိုးထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းအတွင်း အမျိုးသား ၁၀ ဦးကိုတွေ့ရှိရပြီး စိုးထွန်းပါ ခုနစ်ဦးမှာ ထွက်ပြေးသွားကာ ကျန်ရှိခဲ့သည့် ကံထူး၊ ရန်နိုင်ထွန်းနှင့် ကျော်မျိုးခိုင်(ခ) ခိုင်ကြီးတို့ သုံးဦးအနီးရှိ သေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဟုန်ဖာကျုံး(ခ)အောင်နိုင်အားသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

## မိုးကောင်းနှင့် ဇီးကုန်းမြို့နယ်တို့၌ လေပြင်းတိုက်ခတ်၍ လူနေအိမ်အချို့ပျက်စီး

**မိုးကောင်း ဧပြီ ၁၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာ၌ ဧပြီ ၁၄ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်၍ လူနေအိမ်အချို့ ပျက်စီးခဲ့သည်။

ယနေ့နံနက် ၆ နာရီခွဲက မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာ ရပ်ကွက် (၂) ရှိ နေအိမ်အချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ငါးလုံး အိမ်အမိုးများပျက်စီးကာ နေအိမ်တစ်လုံးပြိုလဲပျက်စီးခဲ့သည်။

အဆိုပါ လေဘေးဒဏ်သင့် နေအိမ်များသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မကြီး၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ယာယီနေထိုင်နိုင်ရန် အမိုးများပြုပြင်ပေးခြင်း၊ ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

အလားတူ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အုတ်ဖိုစုရွာတွင် ဧပြီ ၁၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဦးသန်းဇော်ဦး၏ နေအိမ်သွပ်မိုးများ ပျက်စီးသွားကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

## ဆိုင်ကယ်နှစ်စီးတိုက်မိ၍ နှစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ

**သုဝဏ္ဏဝတီ ဧပြီ ၁၄**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့အနီး မိုးကောင်းကျေးရွာ၌ ဧပြီ ၁၄ ရက် ညနေ ၄ နာရီခွဲခန့်က အရှိန်ပြင်းစွာမောင်းနှင်လာသည့် ဆိုင်ကယ်က တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်ကို ဝင်တိုက်မိသဖြင့် လူငယ်နှစ်ဦးသေဆုံး၍ တစ်ဦး(စိုးရိမ်ရ) ဒဏ်ရာရရှိကြောင်း သိရသည် ။

ဖြစ်စဉ်မှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီး မိုင်တိုင် ၁၃၅/၅ နှင့် ၁၃၅/၆ အကြားတွင် ဘီးလင်းမြို့မှ သထုံမြို့သို့ စိုင်းကိုလတ် ကရင်လေးဆိပ်ကျေးရွာ သထုံမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ တစ်ရွာတည်းနေ စည်သူထွန်းလိုက်ပါလာသော ဆိုင်ကယ်ကို သထုံမြို့မှ ဘီးလင်းမြို့သို့ ခွန်သန်းထိုက်အောင် ကင်ပွန်းခြံကျေးရွာ သထုံမြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်က ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်နှစ်စီးလုံးတိမ်းမှောက်ကာ စိုင်းကိုလတ်နှင့် စည်သူထွန်းတို့နှစ်ဦးမှာ သေဆုံးသွားပြီး ခွန်သန်းထိုက်အောင်မှာ (စိုးရိမ်ရ) ဒဏ်ရာရရှိသွားသဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# နှစ်ဦးဂီတလက်ဆောင်

## ခဲ ဆူးငှက်

စင်စစ်မန္တလေးသင်္ကြန်ဟူသည်ကား ဂီတပွဲတော်ကြီး တစ်ရပ်ဖြစ်ခဲ့သည်။ မြန်မာ့ရိုးရာ မှန်စီရွှေချ၊ ပဉ္စရူပပတ်မထမ်း ဆိုင်းဝိုင်းကြီးများဖြင့် မြန်မာ့ဂီတ၊ မြန်မာ့အကကို ပုံအောကွန့်မြူးသည့် ပွဲတော်ကြီးလည်းဖြစ်၏။ ထို့ပြင် တစ်ဝ အယုတ်အလတ်အမြတ်မရွေးကိုယ့်ရင်ထဲရှိသမျှ အနုပညာကို စိတ်ရော ကိုယ်ပါ ဖော်ထုတ်ပြ၊ ဖော်ထုတ်ခွင့်ရှိသည့် ပွဲတော်ကြီးလည်း ဖြစ်သည်။

"မိုး မိုး ...မိုး .... လား မောင်ရို့....၊
လေလေ .... လေ... လား .... မောင်ရို့....
ဘုန်းတော်ကြီးလို့ သက်တော်ရှည် ....
တို့တစ်တွေ . . . ရေချမ်းအိုးကြီး . . ." ဟူသော ရင်ထဲရှိသည့် စေတနာကို လှစ်ဟသည့်အသံမှ အစပြု၍ . . .

"ဥပုသ်သည်ကို ရေမပက်နဲ့ ၊ ငရဲကြီးလိမ့်မယ် . . .၊
ခွက်စုတ်ကြီးနဲ့ ပက်တာလောက်တော့ ရီတာပေါ့ ရီတာပေါ့ . . ." စသော နောက်ပြောင်ကျီစယ်သည့် အသံများလည်း ဟစ်လာကြသည်။ ထိုအသံများကား သုံးချက်စည်းအတွင်း၊ ကာရန်ကိုက်အသံများဖြစ်၏။ ရှေးကတည်းက ခေါ်ခဲ့တာ ... သံချပ်တဲ့...။

### မြို့မ သံချပ်

၁၉၄၇ ခုနှစ် သင်္ကြန်မှာပင် မြို့မကဲ့သို့သော ဂီတဦးစားပေးအသင်းကြီးမှ ပင် သံချပ်များထိုးခဲ့သည်။ ဆိုသူ၊ တီးသူ၊ ကခုန်သူများအကြား ပျော်ရွှင်ဖွယ် ပေါင်းကူးလည်းဖြစ်ခဲ့၏။

- ငွေငန်းဖြူနဲ့ ရွှေမန်းသူ၊ သပြေပန်းယူကာ သွားစို့ဘုရား၊
- ငွေငန်းစီးလို့ ရေဖျန်းခံ၊ ရွှေနန်းဆန်တာ မြို့မ"ပါပဲ။
- ငွေငန်းရုပ်နဲ့ထွက်လို့လာ၊ မြို့မမေတ္တာ ဖြူဖြူဖွေးဖွေး....၊
- မြို့မ လာပေါ့ ခင်ပျိုကညာ၊ ထင်သလိုသာပက်ကြပေတော့၊
- လူချောလူလှ လက်ရွေးစင်၊ ရှက်သွေးခင်ရင်၊ မိုတ်လို့သာပက်၊
- လောင်းလိုက်ပက်လိုက်နွဲ့ရှာသူ၊ အသည်းမှာပူတာ၊ အေးပေါ့ အေးပေါ့၊
- ကေသီရော့ရဲ ထုံးကျော့နှောင်၊ ပြုံးတော့မယောင် ခင်တို့ရှုပေး၊
- ကြည်သာတွဲ့တွဲ့နွဲ့ဟန်မူ၊ တကယ့်စံမတူ လှတဲ့ကြော့မှူး၊
- မြို့မအသင်းနဲ့ ကတဲ့သူ၊ ဘဝတူတူ၊ ဆုယူမှန်းစို့၊
- အကကောင်းတဲ့ လှကေခိုင်၊ မငွေမြိုင်လို ကတတ်ရဲ့လား၊
- မြို့မငွေငန်း ဘဝင်ကြည်၊ ခင်မဒီတွေ၊ ကကြပါဦး၊
- ရေပက်သူဇာ၊ လှကညာ၊ ကရတာကွေးတာ ယဉ်စစပဲ၊
- ချွေးကလေးစို့ပေါ့ကတဲ့ခင်၊ မြို့မလာရင် အမောပြေပေါ့၊
- ပြုံးလိုက် ရယ်လိုက် လှတာတွေ၊ ဘဝတာရှည်၊ လှနိုင်စေသား၊
- ရှုလို့မဝ ရွှေမန်းလယ်၊ ငွေငန်းမယ်လို့ ခေါ်လိုက်ချင်ရဲ့...
- နည်းနည်းပက်လို့၊ ဝဘူးခင်၊ မြို့မလာရင် ရွှဲအောင်ပက်တော့၊
- တူရိယာဘက် ထိပ်တန်းတင်၊ မြို့မတီးရင် ဇေထိ ဇေထိ ....။ ။

### လူထုအသံ သင်္ကြန်

မြန်မာ့ရိုးရာ အတာသင်္ကြန်သည် မြန်မာတို့၏စိတ်ရင်းနူးညံ့သိမ်မွေ့မှုနှင့် ယဉ်ကျေးသောအနုပညာကို လူတိုင်းစေ့ ဖော်ထုတ်ခံစားနိုင်ကြသည့် အမျိုးသားပွဲတော်ဖြစ်လေရာ မြန်မာအများစုရှိသည့် မန္တလေးသင်္ကြန်သည် မြန်မာ့ရိုးရာအတာသင်္ကြန်သရုပ်ကို အပီဆုံးဖော်ထုတ်နိုင်ခဲ့သည့် ပွဲတော် ဖြစ်ခဲ့ဖူးသည်။ စစ်ကြီးမဖြစ်ခင်က ၁၃၀၀ ပြည့်နှစ်သင်္ကြန်၊ စစ်ကြီးအပြီး ၁၉၄၇ ရွှေမန်းတောင်ရိပ်ခိုသင်္ကြန်၊ ၁၉၅၀ ငြိမ်းချမ်းရေးသင်္ကြန်၊ ၁၉၅၁ ပြည်ထောင်စုသင်္ကြန်များကား အနုပညာစွမ်းရည်အမြင့်မားဆုံးမှတ်တိုင် များ စိုက်ထူနိုင်ခဲ့တာလည်း ငြင်းလို့မရ...။ ထို့နောက် ၁၉၆၂၊ ၆၃၊ ၆၄၊ ၆၅

> “မြန်မာ့ရိုးရာ အတာသင်္ကြန်သည် မြန်မာတို့ စိတ်ရင်းနူးညံ့သိမ်မွေ့မှုနှင့် ယဉ်ကျေးသောအနုပညာကို လူတိုင်းစေ့ ဖော်ထုတ်ခံစားနိုင် . . .”

သင်္ကြန်များတွင်လည်း အစိုးရဌာန မဏ္ဍပ်ချည်း ၄၀၊ အမျိုးသားအလုပြ အသင်းနှင့် အမျိုးသမီးဒေ့ခံမဏ္ဍပ် များ ၅၀ ကျော်ဖြင့် ခြိမ့်ခြိမ့်သဲခဲ့ သော သင်္ကြန်များချည်းဖြစ်ခဲ့၏။ ဘုန်းတော်ကြီးလို့ သက်တော်ရှည်၊ တို့တစ်တွေ ရေချမ်းအိုးကြီး . . . ဟု စတင်ကာ သံချပ်ထိုးခဲ့သည့် အစဉ် အလာကလည်း မပျက်မယွင်းထွန်း ကားခဲ့ရာ . . . ၊ သီချင်းဂီတနှင့်အတူ သံချပ်ကလည်း သင်္ကြန်၏ချစ်စရာ ဓလေ့ဖြစ်ခဲ့သည်။ နိုင်ငံရေးအသိ အမြင် ကြွယ်ဝလာခြင်းနှင့်အတူ နိုင်ငံ့သမိုင်းကိုလည်း ပုံဖော်ကာ ကျိုးကြောင်းဆင်ခြင်သိဖြင့် ခေတ် ကိုလည်း ဝေဖန်တည့်မတ်သည့် သံချပ်များကား သင်္ကြန်ပျော် ပရိသတ်၏ သည်းခြေကြိုက်များ ဖြစ်ခဲ့သည်။ လူထုအသံ သင်္ကြန် ။


ရေနန်းဗိမာန်

### မြေသြဇာအပြည့်ရှိသည့် ပျိုးခင်းကြီး

မန္တလေးမှာ တစ်ခေတ်တစ်ခါက အရပ်သားများထဲမှ အနုပညာသမားတွေ ခပ်များများ ထွက်ပေါ်ခဲ့တာ "သင်္ကြန်" ကြောင့် ဖြစ်သည်။ သင်္ကြန်သည် မိမိတို့ရင်တွင်းရှိနေသော အနုပညာဗီဇကို နိုးထစေသလို ပျိုးထောင်အညွန့် အညှောက်ထွက်ရှင်သန်ကြီးထွားရာ မြေသြဇာအပြည့်ရှိသည့် ပျိုးခင်းကြီး နှင့် တူသည်။ လွတ်လွတ်လပ်လပ် အယုတ်အလတ် အမြတ်မရွေး ခံစားရေး ဖွဲ့ ကွန့်မြူးနိုင်သည်။ ရှေ့က နောင်တော်၊ အစ်မတော်များ စပ်ဟပ်သီကုံး တီးမှုတ်ကခုန် ရေးဖွဲ့ကြတာကြည့်ရင်း အားကျမခံစိတ်ဖြင့် ညီငယ်၊ နှမငယ် များကလည်း အနုပညာမျိုးဆက်အမွေကို လက်ဆင့်ကမ်း ခံယူခဲ့ကြခြင်း ဖြစ်သည်။ သုခုမအလုပ်သည် သဘင်သည်၊ ပညာသည်အလုပ်ဟု သီးသန့် ခွဲခြားမထား . . . ။ အလွှာပေါင်းစုံ လူတိုင်းစေ့က စိတ်ကြိုက်ခံစား ဖန်တီးနိုင် သည့် ပတ်ဝန်းကျင်ဖြစ်ခဲ့၏။

ထို့ကြောင့် ယနေ့အထိတင်ကျန်ရစ်သော သင်္ကြန်သီချင်းတွေ၊ တီးလုံး တီးကွက်တွေကို ဖန်ဆင်းခဲ့ကြသူများက မျက်မှန်ကြီးတဝင်းဝင်း၊ ပေကြိုး ပခုံးတင်ကာ အထည်တွေ ညှပ်ကိုက်ချုပ်သော စက်ချုပ်ဆရာလည်းဖြစ်သည်။ အားချိန် မယ်ဒလင်တစ်လက်နှင့် ဂီတနှင့်အတူနေသည့် ဆံသဆရာလည်း ဖြစ်သည်။ ခြေနင်းဖားဖိုလေးနှင့် လက်ဝတ်ရတနာပစ္စည်းတွေပြုလုပ်နေ သည့် ပန်းထိမ်ဆရာလည်းဖြစ်သည်။ ထို့အတူ ကျောင်းဆရာ၊ ဝန်ထမ်း၊ ဝပ်ရှော့သမား၊ ကျောင်းသား၊ ဆရာဝန်၊ ဈေးသည်၊ ပွဲစား၊ ကျူရှင်ဆရာ၊ ဖိနပ်ထောင်၊ EPC လိုင်းမင်း၊ စာတိုက်ဗိုလ်၊ အပျော်တမ်းမီးသတ်သမား၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင် စသည့် အရပ်သားတွေဆီက အဖိုးတန်အနုပညာ ပစ္စည်းတွေ တွင်တွင်ကျယ်ကျယ်ကြီး ထွက်ပေါ်ခဲ့သည်။

### တီးလုံးမြိုင်မြိုင်တိုက်ကြ

လွန်ခဲ့သော နှစ် ၆၀ ကျော်ကဖြစ်မည်။

အခုလိုရာသီမှာ ခေါ်တန်းရပ်ရှိ မြို့မအသင်းတိုက်ကြီးတွင် သင်္ကြန်အတွက် သင်္ကြန်သီချင်းတွေ ကြိုတင်ရေးစပ်ကာ တီးလုံးတိုက်နေကြသည်။ အများဆုံး ရေးစပ်သူက ဆရာမြို့မငြိမ်းဖြစ်မှာပေါ့။ ဒေါင်းရိုး ဦးရင်လေးလည်း ရေးစပ် မည်။ ဦးဘသိန်းလည်း အများအပြားရေးစပ်မည်။ တခြားပုဂ္ဂိုလ်တွေလည်း ရေးစပ်ကြမည်။ တစ်မြို့လုံး တီးလုံးမြိုင်မြိုင်တိုက်ကြကတည်းက ညနေ စောင်းသည်နှင့် ကာလသား၊ ကာလသမီးတွေက အုပ်စုဖွဲ့ပြီး တီးလုံးတိုက် ကြသည့်နေရာအသီးသီးသို့ သွားရောက်ကြည့်ရှုကြသည်။ တစ်ဝင်းဝင် တစ်ဝင်းထွက်၊ တစ်ရပ်ဝင် တစ်ရပ်ထွက်၊ တစ်သင်းဝင် တစ်သင်းထွက် ...

ထိုစဉ် ခေါ်တန်းရပ်က မြို့မအသင်းတိုက်ရောက်တော့ တီးလုံးတိုက်၍ ညက်နေသော သီချင်းတစ်ပုဒ်က ကြားရသူအပေါင်း ရင်ထဲစွဲငြိသွားစေ တော့၏။ အထူးသဖြင့် ၃၂ လမ်း ယွန်းတန်းရပ်က လှပျိုဖြူလေးတွေက ထိုသင်္ကြန်သီချင်းလေးကို တသသဖြစ်သွားကြသည်။

### ရေနန်းဗိမာန်

ထိုစာသားလေးတွေက ညက်ညောလှပသော သံစဉ်နှင့်အတူ ရင်ထဲက တစ်ဆင့် နှလုံးသားထဲထိ စီးဝင်စွဲမြဲသွားသည်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ပျိုတို့မောင်ကြီးတွေ လေပြည်လေညင်းနှင့်အတူ အရောက်လာမည့် "ရေနန်းဗိမာန်" ဆိုတာ မိမိတို့ ကိုယ်တိုင်ပင်ဖြစ်လိုက်ပါစေတော့ . . . ။

သည်အတွေး သည်ဆန္ဒတွေ ယွန်းတန်းသူလေးတွေတိုင်း၏ ရင်ထဲမှာ "ဥ" သွားပြီမို့ .. အိမ်ရောက်သည်နှင့် တစုတည်းတဝေးတည်း မတိုင် ပင်ကြရဘဲ အိမ်ရှိခုတင်ကြီးတွေ ထုတ်ကြသည်။ ပြီးတော့ ဆက်လိုက်ကြ သည်။ သင်္ကြန်မဏ္ဍပ်တစ်လုံးစာ အကျယ်အဝန်းရတော့ အိမ်ကလူကြီး တွေကို ဖွင့်ဟအသိပေးလိုက်ပြီး ဝါးလုံးတိုင်နှစ်တိုင်ထူကာ ၆ ပေ × ၂ ပေ အရွယ် ပိတ်စအရှည်၌ "ရေနန်းဗိမာန်" ဟူသော ပန်းချီစာလုံးနှင့် ဆိုင်း ဘုတ်ထူလိုက်တော့၏။ အိမ်ရှေ့ပိတောက်ပင်ကြီးက ပိတောက်ကိုင်းတွေပေါ် ဈေးချိုဒီရုံထဲရှိ ကေသီဦးဆိုင်က ပိတောက်ပန်းခြောက်တွေဝယ်ပြီး အလှ ဆင်လိုက်သည်။ ကဲ . . . ရေနန်းဗိမာန် အမျိုးသမီးရေသဘင် အသင်းကြီး အကောင်အထည်ပေါ်ပြီပေါ့။

### ငွေငန်းမိဋ္ဌာန်ရောက်ပြန်ပြီလေ

ပိုက်ဆံရှိ၊ ခေတ်ပညာတတ် အချောအလှယွန်းတန်းသူလေးတွေ၏ ရေသဘင်အဖွဲ့က ထိုနှစ်သင်္ကြန်မှာ နာမည်ကြီးလှသည်။ ၃၂ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား အရောင်းအဝယ်ဖြစ်ထွန်းသော မြို့လယ်ရပ်ကွက် မို့ လူသိထင်ရှားစည်ကားလှသည်။ နာမည်ကျော် မြို့မအသင်းကြီးက လည်း ငွေငန်းရုပ်လုံးရုပ်ကြွအလှပြယာဉ်ကြီးနှင့် တူရိယာသံ ညက်ညော မြိုင်ဆိုင်စွာ ...

"ဟောဒီ ရေနန်းဗိမာန် ...
ငွေငန်းမိဋ္ဌာန်ရောက်ပြန်ပြီလေ ...
နှစ်ဦးဂီတလက်ဆောင် ... ပျော်အောင်လေ .. တာဝန်ကျေ
လှပေါင်းခတဲ့တို့မေ ... လှပေါင်းခတဲ့တို့မေ ...
လောင်းမှာလား ... သင်္ကြန်ရေ ... ရွှဲအောင်လောင်းမေ မာပါစေ ..."

ဆိုတော့ သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက်လေးရက်စလုံး စပ်ဟပ် လိုက်ဖက်ထင်ရှားကျော်ကြားသွားတော့၏။

ဤသို့ဖြင့် ... အစဉ်အလာကြီးမားလှသော မန္တလေးသင်္ကြန်တိုင်းတွင် "ရေနန်းဗိမာန်" က ဆင်နွှဲခဲ့လေရာ . . . မှတ်မှတ်ရရ ပြောစမှတ်ပြုရအောင် ဂန္ထဝင်တွင်ခဲ့လေပြီ ...။

### နှစ်ဦးဂီတလက်ဆောင်

သင်္ကြန်လေညင်းလုလင်ကား ... လည်တဆန့်ဆန့် ခေါင်းတမော့မော့ဖြင့် နှစ်စဉ်မပျက် ပျော်ခဲ့ပါလေ၏။ အခုတော့ "ရေနန်းဗိမာန်" ကား ဘယ်ဆီ မှာလဲလေ ...။

ငွေငန်းလည်း အထီးကျန် ... ။ တော်သေး.. သည်သီချင်းလေးက နှစ်ဦး ဂီတလက်ဆောင်အဖြစ် ဂန္ထဝင်တွင်ကျန်နေပေသေးလို့...

"သင်္ကြန်လေညင်းလုလင် မြူးရွှင်တော့လေ ...
ပိတောက်တွေထုံတဲ့ဝတ်မှုန် ဝတ်ဆံကြားတွေ ...
ဝတ်ရည်ဆွတ်ဖျန်းလို့သာ ... ဖြတ်သန်းကာ .. ကြိုင်လန်းစွာ ...
ငွေငန်းကို ကြိုလာပါတော့တယ်လေ ...
ဘယ်သူတွေ ... ထိုလေပြေကိုစေ ...
ဟောဒီရေနန်းဗိမာန် ... ငွေငန်းမိဋ္ဌာန်ရောက်ပြန်ပြီလေ ...
နှစ်ဦးဂီတလက်ဆောင် ... ပျော်အောင်လေ ... တာဝန်ကျေ
လှပေါင်းခတဲ့တို့မေ ... လှပေါင်းခတဲ့ တို့မေ ...
လောင်းမှာလား ... သင်္ကြန်ရေ .. ရွှဲအောင်လောင်းမေမာပါစေ .."

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ဟားခါး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ဟားခါး ဧပြီ ၁၄**

မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ရှိ ခရိုင်စုပေါင်းရုံးရှေ့ ချင်းပြည်နယ်အစိုးရအဖွဲ့ ဇဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့က မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ယိမ်းအဖွဲ့များက မဟာသင်္ကြန်ပွဲတော်တွင် မြနန္ဒာသီချင်းဖြင့် စုပေါင်းညီညာစွာ ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များနှင့် ဧည့်ပရိသတ်များအား နံ့သာရည်၊ သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးကြကာ ယိမ်းအဖွဲ့များက သင်္ကြန်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ချင်းပြည်နယ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့ ၁၂ ဖွဲ့က ယင်းနေ့မှစ၍ မဟာသင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်) အထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး စင်တင်တေးဂီတ အစီအစဉ်များကိုလည်း ညစဉ် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပဲခူးခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် မဏ္ဍပ်ဖွင့်ပွဲကျင်းပ

**ပဲခူး ဧပြီ ၁၄**

ပဲခူးမြို့၌ ဧပြီ ၁၃ ရက် ညနေ ၅ နာရီက မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပဲခူးမြို့၏ ပထမဆုံးလမ်းလျှောက်သင်္ကြန်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**





## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လမ်းလျှောက်သင်္ကြန်ပါဝင်ဆင်နွှဲ

**ပုသိမ် ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ သင်္ကြန်အကျနေ့ နံနက်ပိုင်းက ပုသိမ်မြို့ ကမ်းနားလမ်းတွင် လမ်းလျှောက်သင်္ကြန် ပါဝင်ဆင်နွှဲကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## မဟာသင်္ကြန်ပွဲတော် ဝိုင်းမော်မြို့ဇဟိုမဏ္ဍပ်၌ စည်ကားစွာကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၄**

ကချင်ပြည်နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများသည် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မဏ္ဍပ်နှင့် ဝိုင်းမော်မြို့ ဇဟိုမဏ္ဍပ်များသို့ သွားရောက်အားပေးဆင်နွှဲခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမဏ္ဍပ်သို့သွားရောက်ပြီး တိုင်းစစ်ဌာနချုပ် ယိမ်းအဖွဲ့နှင့် တပ်မိသားစုယိမ်းအဖွဲ့များ၏ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို အားပေးခဲ့ကြကာ ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့ဇဟိုမဏ္ဍပ်သို့ သွားရောက်ခဲ့ကြပြီး ဇဟိုမဏ္ဍပ်၌ မြို့နယ်ဌာနဆိုင်ရာများယိမ်းအဖွဲ့များ၏ သီဆိုဖျော်ဖြေမှု၊ တေးသံရှင်များ၏ ခေတ်ပေါ်တေးသီချင်းများနှင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**



## ဖာပွန်မြို့ လမ်းလျှောက်သင်္ကြန်ပွဲ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**ဖာပွန် ဧပြီ ၁၄**

ကရင်ပြည်နယ် ဖာပွန်မြို့၌ ဧပြီ ၁၃ ရက်က မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲ လမ်းလျှောက်သင်္ကြန်ပွဲတော်အကြိုနေ့တွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်က ရေသဘင်ပွဲတော်ကို ရှေးယခင်ကာလများကတည်းက ဆင်နွှဲလာခဲ့ခြင်းဖြစ်ပြီး စိတ်နှလုံးကြည်လင်ပါစေ၊ ကိုယ်ရောစိတ်ပါ အေးမြချမ်းသာပါစေ၊ ကိလေသာအညစ်အကြေးများကို ပယ်ခွာနိုင်ပါစေ၊ ကာယ၊ ဉာဏ၊ ဓနနှင့် ပညာအင်အားများ တိုးပွားပါစေ၊ ရေကိုတားသော် အကြားမရှိသကဲ့သို့ လူအချင်းချင်း မေတ္တာခိုင်မြဲကြပါစေ" ဟူသော ရည်ရွယ်ချက်များဖြင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက ပြောသည်။

"ကျွန်တော်တို့ ဖာပွန်မြို့ရဲ့ပထမဦးဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်စည်ကားကားနဲ့ သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်တဲ့အတွက်ကြောင့် တိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ ဖာပွန်ဒေသဟာ အတိတ်ကာလက မငြိမ်းချမ်းမှုဒဏ်ကို ခါးခါးသီးသီးခံစားခဲ့ရပြီး ယခုအခါမှာ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို ခံစားခဲ့ရတဲ့အတွက် တိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား ဝမ်းမြောက်မိပါတယ်" ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းထိန်က ပြောသည်။

ထို့နောက် ဖာပွန်မြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို လာရောက်လည်ပတ်သူတစ်ဦးက "ဖာပွန်မြို့မှာ ပထမဦးဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲ ကျင်းပမယ်ကြားတော့ မနှစ်ကနဲ့မတူဘဲ ရေလယ်တဲတွေ၊ ဝါးတံတားတွေနဲ့ဆိုတော့ အလွန်စိတ်ဝင်စားလို့ မော်လမြိုင်မြို့ကနေ လာခဲ့တာပါ။ ဒီပွဲတော်ဟာ ကလေးလူကြီး အရွယ်မရွေး အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်စွာလမ်းလျှောက်ပြီး လည်ပတ်နေရတဲ့အတွက် စိတ်ထဲမှာ ကြည်နူးမိပါတယ်" ဟု ပြောသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

# မကွေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စတင်ဖွင့်လှစ်

**မကွေး ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ရက် နံနက် ၈ နာရီခွဲကကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးနှင့် လူမှုရေးဝန်ကြီးဒေါက်တာ ခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ယိမ်းအဖွဲ့များက မြန်န္တာသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

မကွေးမြို့တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကမ်းနားလမ်းတစ်လျှောက် မဲထီးလမ်းထိပ်မှ ကျောက်သားဉယျာဉ်အထိ ရေကစားမဏ္ဍပ်၊ ဖျော်ရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များရှိနေပြီး ဗဟိုမဏ္ဍပ်တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အသီးသီးတို့မှ ယိမ်း ၁၄ ဖွဲ့ဖြင့် အလှည့်ကျဖျော်ဖြေယှဉ်ပြိုင်သွားမည်ဖြစ်ရာ မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်တွင် နိုင်ငံခြားသားခရီးသွားများပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**





သင်္ကြန်အကျနေ့ နံနက်ပိုင်းက ပုသိမ်မြို့ကမ်းနားလမ်း ပုသိမ်သူ၊ ပုသိမ်သားများဆုံစည်းရာ ရေကစားမဏ္ဍပ်တွင် နိုင်ငံခြားသားဧည့်သည်များ ပျော်ရွှင်စွာရေကစားနေကြစဉ်။ **မောင်မောင်မြင့် (ပြန်/ဆက်)**

# မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ကမ္ဘာလှည့်ခရီးသွားများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**မန္တလေး ဧပြီ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများအပြင် မန္တလေးမြို့ရောက် ကမ္ဘာလှည့်ခရီးသွားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ယခုနှစ်တွင် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်၊ တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်လည်ပတ်ကြပြီး ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့သင်္ကြန်ပွဲတော်ကို လာရောက်လည်ပတ်ချင်တာ ကြာခဲ့ပါပြီ၊ ဒီနှစ်မှ ရောက်ဖြစ်တာပါ၊ မန္တလေးမြို့မှာကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်က အလွန်ထူးခြားပြီး အလွန်လည်း စည်ကားပါတယ်၊ ပျော်စရာလည်း ကောင်းပါတယ်၊ မန္တလေးလမ်းလျှောက်သင်္ကြန်မှာ လွတ်လပ်စွာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာဂုဏ်ယူပါတယ်" ဟု မန္တလေးမြို့ရောက် အီတလီနိုင်ငံသားတစ်ဦးက ပြောကြားသည်။

မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတွင် ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ တိုင်းရင်းသားလူမျိုးစုများ၏ မဏ္ဍပ်များ၊ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရေကစားသူများ၊ ကမ္ဘာလှည့်ခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများ၊ သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့တွင် ပထမအကြိမ်လမ်းလျှောက်သင်္ကြန်ကျင်းပ

**မန္တလေး ဧပြီ ၁၄**

မြန်မာ့ရိုးရာသင်္ကြန်ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ပထမအကြိမ်လမ်းလျှောက်သင်္ကြန်ကို ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လွပ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပထမအကြိမ် ပြင်ဦးလွင်မြို့လမ်းလျှောက်သင်္ကြန်ကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက်ယိမ်းအဖွဲ့များက အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးပါစီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်မောင်၊ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသန်းဝင်း၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းတို့က တက်ရောက်လာသူများအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဆပ်ကော်မတီပေါင်း ၁၂ ခု ဖွဲ့စည်းထားရှိပြီး ယိမ်းအကပြိုင်ပွဲ၊ ခေတ်ပုံပြိုင်ပွဲ၊ သံချပ်ထိုးပြိုင်ပွဲများ ထည့်သွင်းထားရှိပြီး ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲကို ဧပြီ ၁၆ ရက် ညနေ ၄ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရပြီး လမ်းလျှောက်သင်္ကြန်ဧရိယာမှာ မန္တလေး-လားရှိုးသွားလမ်းမပေါ်ရှိ ဘူတာလမ်းခွဲမှ ဈေးလေးမီးပွိုင့်အထိရှိကြောင်း သိရသည်။

**နေလင်း(ပြင်ဦးလွင်)**



# ဆိပ်ဖြူမြို့ယောချောင်းတွင် အေးချမ်းပျော်ရွှင်စွာရေကစားကြ

**ဆိပ်ဖြူ ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ ယောချောင်း၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား (ပထမဆုံးအကြိမ်) လမ်းလျှောက်သင်္ကြန်ကို ကျင်းပသည်။

သင်္ကြန်အကျနေ့တွင် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပေါင်းဆုံစည်းရာ ပျော်ရွှင်အပန်းဖြေရေကစားရာ ယောချောင်းတွင် လမ်းလျှောက်သင်္ကြန်ကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် အေးချမ်းစွာ ရေကစားကြကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**

# မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များတွင် မိုင်းယောင်းမြို့နယ်ရှိ သမိုင်းဝင်ဘုရားများ၌ ဘုရားဖူးသူများပြား



**မိုင်းယောင်း မေ ၁၄**
မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်ရှိ ရှေးဟောင်း သမိုင်းဝင်ဘုရားစေတီများ၌ ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများနှင့် ဘုရားဖူးသူများ များပြားလျက်ရှိသည်။

"ကျွန်မက မိုင်းယောင်းဇာတိကနေ အဝေးကို သွားရောက်တာဝန်ထမ်းဆောင်နေတာပါ။ သမိုင်းဝင် ထပ်လုံစေတီ တော်ရင်ပြင်မှာ အသစ်ထပ်မံတည်ထားကိုးကွယ်တဲ့ လျောင်းတော်မူဘုရား ရေစက်ချအလှူပွဲတုန်းက လာရောက်ဖူးမြော် ခွင့်မရခဲ့ဘူး။ ဒီနှစ်မဟာသင်္ကြန်ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ လာရောက်ဖူးမြော် ကုသိုလ်ပြုခွင့်ရလို့ အလွန်ပီတိ ဖြစ်မိပါတယ်" ဟု နေရပ်ပြန်အမျိုးသမီးတစ်ဦးက ပြောသည်။

မိုင်းယောင်းမြို့နယ် ဝမ်ကောင်းကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာအနီးရှိ ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီ တော်မြတ်နှင့် စေတီတော်ရင်ပြင်တွင် တည်ထားကိုးကွယ်သော လျောင်းတော်မူဘုရား၊ ဝမ်တပ်ကျေးရွာအုပ်စု ဝမ်ကြူးကျေးရွာရှိ သမိုင်းဝင် ဇောခိရွှေညောင်ပင် ချာန်ရကိုရင်ကြီး (ဖပီလုံပါဘုန်း) တောရကျောင်း၊ ပုဗ္ဗဝိဇယ ဆုတောင်းပြည့်ဘုရားနှင့် မြို့လယ်ရှိ ဟိုခုံဘုန်းကြီးကျောင်းတို့တွင် ဒေသခံဘုရားဖူးပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများနှင့် ကုသိုလ်ပြုသူများပြားလျက်ရှိကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်ကြီး၌ ပြည်တွင်းဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကား

**ပြင်ဦးလွင် မေ ၁၄**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်ကြီးသို့ သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သည့် သင်္ကြန်အကျနေ့ (ဧပြီ ၁၄ ရက်) နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များ ဖြင့် အထူးစည်ကားလျက်ရှိသည်။

**အလွန်အေးမြ**

"အန်တီက ပြင်ဦးလွင်မြို့ကို အနားယူအပန်းဖြေဖို့အတွက် လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့က လမ်းလျှောက်သင်္ကြန်ပွဲတော်နဲ့အတူ ဒီမှာရှိတဲ့ လည်ပတ် လို့ကောင်းတဲ့ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်၊ ဒီဇင်ဘာ ဥယျာဉ်က ရေတံခွန်တွေနဲ့ မဟာအံ့ထူးကံသာစေတီတော်မြတ်ကြီးကို သွားရောက် ဖူးမြော်ကြမှာပါ။ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်အတွင်းမှာ ဖူးမြော် မဝနိုင်တဲ့ ဘုရားစေတီတော်များကို တဝကြီးဖူးမြော်နိုင်ခြင်း၊ ကျောက်သားကျောက်ထု များကြားမှ သဘာဝအတိုင်း စိမ့်ထွက်နေတဲ့ ကျောက်စက်ရေကို အမောပြေသောက် သုံးနိုင်ခြင်းများကို ပြည်တွင်းဘုရားဖူးဧည့်သည်တွေအများစု သဘောကျနှစ်ခြိုက်ကြ ပါတယ်။ လိုဏ်ဂူအတွင်းက ကျောက်စက်ရေတွေဟာ သဘာဝအတိုင်း စိမ့်ထွက်နေပြီး အလွန်လည်းအေးမြပါတယ်။ နောက်ပြီး လိုဏ်ဂူအတွင်းက ကျောက်စက်ရေတွေဟာ မျက်စိရောဂါတွေအတွက် မျက်စဉ်းအဖြစ်အသုံးပြုရင် မျက်စိဝေဒနာသက်သာပျောက် ကင်းတယ်လို့ သိရပါတယ်။ ဒါ့ကြောင့် လိုဏ်ဂူအတွင်းက ကျောက်စက်ရေကို ပြည်တွင်း ဘုရားဖူးဧည့်သည်တွေက သောက်သုံးတဲ့အပြင် ဆေးအဖြစ်မှီဝဲဖို့ ရေသန့်ဘူးတွေနဲ့ ထည့်ယူကြပါတယ်။ ဒါ့အပြင် လိုဏ်ဂူအဝင်ဝမှာရှိတဲ့ ရေတံခွန်မှာ ရေချိုးအပန်းဖြေ အနားယူလို့ လည်းရပါတယ်" ဟု နေပြည်တော် တပ်ကုန်းမြို့မှ လာရောက်လည်ပတ် သည့် အမျိုးသမီးတစ်ဦးကပြောသည်။

**အပန်းဖြေအနားယူ**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်သည် ရာသီဥတုအေးချမ်းသာယာသည့် တောင်ပေါ်မြို့လေးဖြစ်သည့်အတွက် ယခုလို ရာသီဥတုအပူချိန်မြင့်မားသည့်အချိန် ကာလများတွင် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးဧည့်သည်များ စိတ်ဝင်တစား လာရောက်အပန်းဖြေ အနားယူကြလေ့ရှိပြီး ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများ ဖြစ်သည့် မဟာအံ့ထူးကံသာစေတီတော်၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင် မဟာ နန္ဒမူလိုဏ်ဂူတော်၊ ဒီဇင်ဘာရေတံခွန်ပန်းဥယျာဉ်တို့ကို ပြည်တွင်းဘုရားဖူးဧည့်သည်များ အများဆုံး သွားရောက်လည်ပတ်ကြကြောင်း ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်အနီး ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းရောင်းချသည့် ဈေးသည် တစ်ဦးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





## သင်္ကြန်ကာလအတွင်း အပန်းဖြေသူများဖြင့်စည်ကားနေသည့် ညောင်ချောင်းသာ အပန်းဖြေကမ်းခြေ

**ညောင်တုန်း မေ ၁၄**
ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာညောင်တုန်း မြို့ (ရန်ကင်းစံရာကျေးရွာ)တွင် သဘာဝ သဲသောင် ပြန့်ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေ စရာ (ညောင်ချောင်းသာ) ကမ်းခြေဟု ပေါ် ပေါက်လျက်ရှိရာ သင်္ကြန်တွင်းကာလတွင် ရေပက်ခံထွက်သူ၊ လည်ပတ်အပန်းဖြေသူများ ဖြင့်အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါအပန်းဖြေနေရာသည်ဧရာဝတီမြစ် ပြင်မှ တိုက်ရိုက်သန့်ရှင်းလတ်ဆတ်သော လေ (လေကောင်းလေသန့်)ကို ထိတွေ့ရှူရှိုက် ခွင့် ရရှိပြီး သဲသောင်ပြန့်ပေါ်တွင် ရေချိုးကူးခတ် ကစားနိုင်၍ ဇောကွင်းများစီးလျက် အပန်းဖြေ အနားယူနိုင်ပြီး သန့်ရှင်းသော အစားအသောက် များနှင့်အအေးမျိုးစုံတို့ကိုလည်း နှစ်သက်ရာ မှာယူစားသောက်နိုင်ကြောင်း မန္တလေးမြို့မှ လာရောက်အပန်းဖြေသူတစ်ဦးက ပြောပြသည်။

**တိုးမပေါက်အောင်စည်ကား**

အဆိုပါ (ညောင်ချောင်းသာ) ကမ်းခြေသို့ ညောင်တုန်းမြို့ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများနှင့် အထူးသဖြင့် ရန်ကုန်မြို့မှ အများပြည်သူများ၊ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များ လာရောက်အပန်းဖြေလျက်ရှိပြီး သင်္ကြန်တွင်းကာလတွင် အပန်းဖြေသူများ၊ ရေပက်ခံထွက်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

"ကျွန်တော်တို့က မြို့ကြီးမှာနေရတော့ လူဦးရေများပြားလှပြီး မွန်းကျပ်နေရတာ၊ လုပ်ငန်းခွင်ထဲမှာ နေ့စဉ်လိုလို လုပ်ငန်းတွေ နဲ့ဖိစီးနေရတော့၊ စိတ်ညစ်စရာတွေ၊ ဖိစီးမှု တွေနဲ့ ကြုံနေရတာပေါ့၊ ခုလိုအချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာပြီး သန့်ရှင်းတဲ့ လေ ကောင်းလေသန့်ကို တိုက်ရိုက်ရှူရှိုက်ရတော့ ကျန်းမာရေးအတွက် ကောင်းမွန်ပြီး ပိုမိုနှစ် သက်လို့ မကြာမကြာလာရောက် အပန်းဖြေချင် တာပါ" ဟု ရန်ကုန်မြို့မှ သင်္ကြန်ကာလ အတွင်း လာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

"မဟာသင်္ကြန်အကျနေ့က အကြိုနေ့က ထက် ရေပက်ခံထွက်သူတွေနဲ့ ပိုမိုစည်ကား ပါတယ်။ ညောင်ချောင်းသာကမ်းခြေသို့ အသွား မြို့အဝင်သွားရာလမ်းတွေမှာ ရေ ပက်ခံထွက်တဲ့ကားတွေ တိုးမပေါက်အောင် ပိတ်ဆို့နေလို့ အပြန်ခရီး တစ်နာရီနီးပါးခန့် ကြန့်ကြာမှုများရှိခဲ့တယ်"ဟု ရန်ကုန်မြို့မှကိုယ် ပိုင်ကားဖြင့် လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

"ဒီနှစ်သင်္ကြန် ညောင်ချောင်းသာကမ်းခြေ အပန်းဖြေကမ်းခြေကို မနှစ်က သင်္ကြန်ထက် လာရောက်လည်ပတ်သူအလွန်များပါတယ်၊ သင်္ကြန်အကျနေ့ကတည်းကဆိုရင် လည်ပတ် သူ ဦးရေ ၈၀၀၀၀ ကျော်နီးပါးရှိပြီး လာရောက် လည်ပတ်သူများလို့ စားသောက်ဆိုင်များမှ ထမင်း၊ ဟင်း၊ အစားအသောက်၊ အအေးမျိုးစုံ ပြတ်လပ်သွားသည်အထိ အလွန်ရောင်းကောင်း ပြီး မြို့စည်ကားလာတဲ့အတွက် လာရောက် လည်ပတ်သူအားလုံးကို ကျေးဇူးတင်ပါတယ် ဟု" ဟေမာန်ဦး စားသောက်ဆိုင်ပိုင်ရှင်က ပြောသည်။

**အထူးစည်ကား**

အဆိုပါ ညောင်ချောင်းသာကမ်းခြေသည် ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာတွင် တည်ရှိ၍ ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးသည်။ နေ့စဉ်အပန်းဖြေသူ ၃၀၀ မှ ၅၀၀ ခန့် လာရောက် လျက်ရှိပြီး စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက် များတွင် ပိုမိုစည်ကားလျက်ရှိသည်။ ယခု သင်္ကြန်ကာလအတွင်း၌ အပန်းဖြေသူ များစွာ လာရောက်လည်ပတ်လျက်ရှိပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## မြစ်ကြီးနားမြို့နယ်အတွင်းရှိစစ်ဘေးရှောင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**မြစ်ကြီးနား ဧပြီ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိစစ်ဘေးရှောင်စခန်းအသီးသီးမှ ပြည်သူများအတွက် ကွင်းဆင်းဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက် မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ဂျန်မိုင်ကောင်းစစ်ဘေးရှောင်စခန်း၌ ကျင်းပသည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်း၊ ပြည်နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးဌေးအောင်ကျော်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ကွင်းဆင်းဆောင်ရွက်ပြီးစီးသည့် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ဂျန်မိုင်ကောင်းစစ်ရှောင်စခန်း၌ နိုင်ငံသားစိစစ်ရေး ကတ်ပြား၃၄ ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ၂၄ ခု၊ လယ်ကုန်းရပ်ကွက် ဇီအွန်၊ ဗက်လင်၊ မလိယာန်ယာယီစစ်ဘေးရှောင်စခန်းရှိဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆ ကတ်၊ ပလနကျေးရွာအုပ်စုစိန့်ဂျိုးဇက် စစ်ဘေးရှောင်စခန်းမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၄ ကတ်၊ မော်ဖောင်းကျေးရွာအုပ်စုခါနန် ၊ လော်ဝေါ် စစ်ဘေးရှောင်စခန်းတို့မှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈ ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ၂၁ ခု၊ မန်ခိန်စစ်ဘေးရှောင်စခန်းမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃ ကတ်၊ စီတာပူစစ်ဘေးရှောင်စခန်းမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုးကတ် စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၄ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၄၅ ခုတို့အား စစ်ဘေးရှောင်စခန်းအသီးသီးရှိ ဒေသခံပြည်သူများထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

စစ်ဘေးရှောင်စခန်းများရှိ နေရပ်စွန့်ခွာလာသော ပြည်သူများကို အဆင်ပြေစွာ နေထိုင်သွားလာနိုင်ရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ စစ်ဘေးရှောင်စခန်း ကိုးခုကွင်းဆင်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့် နေရပ်စွန့်ခွာ စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြစ်ကြီးနား၏မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း ဧပြီ ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၂၅ ရွာအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ဧပြီ ၁၀ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းဦးနှင့် တာဝန်ရှိသူများသည် တောပုကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ကျောက်ရောမြေကျေးရွာတွင်း လမ်းခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ကြက်သွန်ပေါ်ချိန် တောင်သူများဈေးကောင်းရရန် မျှော်လင့်

**မလှိုင် ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းမှ ကြက်သွန်စိုက်တောင်သူများ ကြက်သွန် တူးဖော်ချိန် ကြက်သွန်ဈေးကျနေသဖြင့် တောင်သူများ အရှုံးပေါ်နေပြီး ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း မျက်သီးကျင်းကျေးရွာနေ ကြက်သွန်စိုက်တောင်သူ ဦးမြင့်ဦးထံမှ သိရသည်။

ကြက်သွန် လက်ရှိပေါက်ဈေးမှာ တစ်ပိဿာငွေကျပ် ၃၂၀၊ ၃၅၀ သာ ရရှိပြီး မြေဩဇာ၊ ဆေးဖိုး၊ ဒီဇယ်ဖိုးနှင့် အလုပ်သမားခမှာ ယခင်နှစ်များကထက် ဈေးပိုပေးသုံးနေရပြီး ကြက်သွန်ဈေးမှာ မတက်သဖြင့် တောင်သူများအနေဖြင့် အရှုံးပေါ်နေပြီး တက်ဈေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။ ကြက်သွန်ကို တန်ဆောင်မုန်းလတွင် ပျိုးထောင်ပြီး နတ်တော်၊ ပြာသိုလမှာ စိုက်ပျိုး၍ တပေါင်း၊ တန်ခူးလများတွင်တူးဖော်ရပြီး ကြက်သွန်စတင်တူးဖော်ချိန်တွင် ဈေးကျလေ့ရှိသည်။

"တောင်သူတွေက ယာသီးနှံထက် ကိုင်းသီးနှံကို အလေးထားစိုက်ကြပါတယ်၊ ကျွန်မတို့ဆို ကြက်သွန်ကို နှစ်တိုင်း စိုက်ပျိုးပါတယ်၊ ဒီနှစ်ဈေးက မကောင်းဘူး ကြက်သွန်ဈေးသာ မကောင်းတာ ဆီဈေးက ငါးဂါလန် တစ်ပုံးကို ငွေကျပ် ၂၀၀၀၀ ကျော်ပေးရတယ်၊ မနှစ်ကထက်ပိုတယ်၊ မြေဩဇာကျတော့လည်း မနှစ်က တစ်အိတ်ကို ၄၀၀၀၀၊ ဒီနှစ်မှာ ၅၀၀၀၀ ကျော်၊ ပုလဲမြေဩဇာပဲ ၃၀၀၀၀ ရတယ်၊ အလုပ်သမားကလည်း မိန်းကလေး တစ်ယောက်ကို တစ်နေ့ ၃၀၀၀၊ ယောကျ်ားလေး တစ်ယောက်ကို ၄၀၀၀ ပေးရတယ်၊ အရေးကြီးရင် ကြီးသလို ပိုပေးရသေးတယ်၊ အစစအရာရာ ဈေးပိုပေးရပြီး ကိုယ့်ပစ္စည်းက ဈေးကောင်းမရတော့ တောင်သူတွေ ရှုံးတာပေါ့၊ အခါသင့်ကြုံ်နိုပြီးရင် ဈေးကောင်းရဖို့တော့ မျှော်လင့်နေတာပါပဲ" ဟု မျက်သီးကျင်းကျေးရွာမှတောင်သူ ဒေါ်စန်းနွဲ့က ပြောပြသည်။

**အောင်ဌေး(မလှိုင်)**

## ကျေးရွာချင်းဆက်တံတား ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပျဉ်မကန်လေးကျေးရွာနှင့် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာတို့ကို ဆက်သွယ်သွားလာနိုင်သော သံပေါင်ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါတံတားမှာ အလျား ၃၅ ပေ၊ အကျယ် ၁၃ ပေ ၁၁ လက်မ၊ အမြင့် ၁၃ ပေရှိ သံပေါင်ကွန်ကရစ်တံတားသစ်ကို ကျောက်တန်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးသိန်းမင်း၊ လူထုဗဟိုပြုစီမံကိန်းအင်ဂျင်နီယာ ဒေါ်ခြူးခက်စုနိုင်နှင့် ကန်ပြောင်ကျေးရွာအုပ်စု ပျဉ်မကန်ကျေးရွာ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဦးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**



ဒဂုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်ကျော် ဧပြီ ၁၂ ရက် နံနက် ၉ နာရီက ဦးဝိစာရရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။

**ကိုရဲ**



နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အောင်ဇော်ထွန်း ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းက စက်ကုန်းကျေးရွာ ရာအိမ်မှူးနေအိမ်တွင် ကျေးရွာသူ ကျေးရွာသားများအား သင်္ကြန်ကာလ မှုခင်း ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းပညာပေးဟောပြောစဉ်။

**ခွန်းဆက်နေ**



## မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မကွေး ဧပြီ ၁၄**

မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာတွင် ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီခန့်က မီးစတင်လောင်ကျွမ်းရာ လူနေအိမ် ၃၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ကျေးရွာနေ ပြည်သူ ၁၁၅ ဦးအိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပစ္စည်းပေးအပ်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့် ပြည်သူတစ်ဦးလျှင် တစ်ရက် ဆန်နို့ ဆီဘူးနှစ်လုံးနှုန်းဖြင့် တစ်ပတ်စာ၊ တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တစ်အိမ်ထောင်လျှင် မိသားစုသုံး Family Kit တစ်ပုံးစီ၊ ကျန်းမာရေးသုံးပစ္စည်း တစ်ပုံးစီ၊ သောက်ရေသန့်ဘူးကြီး တစ်ဘူးစီ၊ အမျိုးသမီးသုံးပစ္စည်းများအပြင် ကြိုးကြာကန်၊ ညောင်ကန်၊ လင်းမြင့်နှင့် ဖိုလေးလုံးကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ထမင်းဘူးများ ထောက်ပံ့ပေးလျက်ရှိပြီး အိမ်ဆောက်ပစ္စည်းများကို ဆက်လက်ထောက်ပံ့ပေးသွား မည်ဖြစ်ကြောင်း သိရသည်။ **ဝေဖြိုးလေး(ပြန်/ဆက်)**

## ဒုတိယအကြိမ် ပိုးလမ်းမရုပ်ရှင်ပြိုင်ပွဲတွင် မြန်မာက ဆုသုံးဆုရရှိ



တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲ မန်စီမြို့ပြည်သူ့ရင်ပြင်တွင် မေ ၁၃ ရက် ညပိုင်းက ပိုးလမ်းမရုပ်ရှင်ပွဲတော် ဒုတိယအကြိမ် တက်ဟုန်အပြည်ပြည်ဆိုင်ရာ Micro Film ဆုပေးပွဲကျင်းပရာ မြန်မာနိုင်ငံမှ ကချင်ရုပ်ရှင်သရုပ်ဆောင် ဒေါင်လွဏ်းက လောဘနွံနှင့် မနောမြေမှ ကျောက်စိမ်းကမ္ဘာ ရုပ်ရှင်ဇာတ်လမ်းများဖြင့်လည်းကောင်း၊ ရန်ကုန်မှ ဦးနေထက်က Heart to be at its Freedom တို့ဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထူးချွန်ဆုများရရှိခဲ့ကြသည်။

ပိုးလမ်းမရုပ်ရှင်ပွဲတော်တွင် ဇာတ်လမ်းတိုပေါင်း ၅၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် အကောင်းဆုံးဇာတ်လမ်းတိုငါးဆု၊ တရုတ်-မြန်မာရွှေမျိုးပေါက်ဖော်သံယောဇဉ်တစ်ဆု၊ ဒိုင်လူကြီးအဖွဲ့မှ ရွေးချယ်ခံရသူ ၁၈ ဆု စုစုပေါင်း ၂၄ ဆုနှင့် အရွေးချယ်ခံလက်ရာ ဇာတ်ကား ၁၀ ကားတို ရွေးချယ်ခံခဲ့ရသည်။

အဆိုပါ ပိုးလမ်းမရုပ်ရှင်ပွဲတော် Micro Film ကို တရုတ်ကွန်မြူနစ်ဗဟိုကော်မတီပါတီ တက်ဟုန်ပြည်နယ်ပါတီလူကြီးမင်းများ၊ တက်ဟုန်ပြည်နယ် ပြန်ကြားရေးဌာနနှင့် တက်ဟုန်ပြည်နယ်ဆိုင်ရာ Micro Film ရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီ တာဝန်ရှိသူများ၊ နာမည်ကျော်အနုပညာရှင်များ၊ တရုတ် - မြန်မာ သတင်းမီဒီယာသမားများ၊ ဒေသခံတိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**မင်းဇော်ဦး(ရေကြည်)**

## တရားဝင်တစ်ကိုယ်တည်းသမားတွေ ဖြစ်ခဲ့ကြပြီဖြစ်တဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီ



တစ်ချိန်က ဟောလိဝုဒ်ရဲ့အလွန်ကိုကျော်ကြားခဲ့တဲ့ ကြယ်ပွင့်စုံတွဲ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ လတ်တလောမှာတော့ တစ်ကိုယ်တည်းသမားတွေဖြစ်ကြောင်း တရားရုံးက ထုတ်ပြန်ပေးခဲ့တာကြောင့် တရားဝင် တစ်ကိုယ်တည်းသမားတွေ ဖြစ်ခဲ့ပြီလို့ ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။

သူတို့နှစ်ဦးရဲ့ကွာရှင်းပြတ်စဲခြင်းဟာ အပြီးသတ်ခဲ့ခြင်းမရှိသေးပေမယ့် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ အန်ဂျလီနာဂျိုလီက ဘရက်ပစ်နဲ့ လက်ထပ်ထားတာကို အပြီးသတ်ပေးဖို့စာနဲ့လျှောက်ထားခဲ့တာကြောင့် လော့စ်အန်ဂျလိစ်တရားရုံးက သူတို့နှစ်ဦး ဥပဒေကြောင်းအရ တစ်ကိုယ်တည်းသမားတွေဖြစ်ကြောင်း ဆုံးဖြတ်ပေးခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

## အဖွဲ့ဝင်လေးဦးနဲ့ ပြန်လည်ပေါင်းစုံခဲ့ခြင်းမှာ အကောင်းဆုံးဖြစ်တယ်လို့ Westlife ဆို

မကြာသေးမီကမှ တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာခဲ့တဲ့ အိုင်ယာလန်အမျိုးသားတေးဂီတအဖွဲ့ "Westlife" ဟာ ယခုလို အဖွဲ့ဝင်လေးဦးနဲ့ ပြန်လည်ပေါင်းစုံကာ တေးသီချင်းသစ်တွေ ဖန်တီးခဲ့ရခြင်းဟာ ဂီတခရီးတစ်လျှောက်မှာတော့ အကောင်းဆုံးဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ကြောင်း မစ်ရာဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်ကိုလည်း လတ်တလော စတင်ထုတ်လွှင့်ခဲ့တဲ့ "Westlife" ဟာ အဖွဲ့ဝင်လေးဦးဖြစ်တဲ့ ရှိန်းဖီလန်၊ နစ်ကီဘရိုင်း၊ ကီယန်အီဂန်၊ မာ့ခ်ဖီဟီလီတို့နဲ့ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်လုပ်ဆောင်လာတာ ဖြစ်ပါတယ်။ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကိုလည်း ပြုလုပ်ခဲ့ပြီး ပရိသတ်တွေရဲ့အားပေးမှုတွေကိုလည်း ပြန်လည်ရရှိခဲ့ တာ တွေ့ရပါတယ်။

အဖွဲ့စတင်တည်ထောင်ခြင်း နှစ် ၂၀ ပြည့်အဖြစ် အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ပေးတာဖြစ်တယ်လို့လည်း သိရပါတယ်။ "Spectrum" လို့ အမည်ပေးထားတဲ့ ဒီတေးအယ်လ်ဘမ်သစ်အတွက် ကြိုတင်မှာယူထားသူတွေကိုတော့ မေ ၁၂ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။

ယခင်က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဘရိုင်ယန်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း အဖွဲ့ကနေ နုတ်ထွက်ခဲ့ပါတယ်။ ဒါကြောင့် တေးအယ်လ်ဘမ်သစ်မှာတော့ ဘရိုင်ယန်ပါဝင်ခြင်း မရှိပါဘူး။ အဖွဲ့ဝင်လေးဦးနဲ့ ပြန်လည်လှုပ်ရှားလာတဲ့ အဖွဲ့ရဲ့အခြေအနေနဲ့ပတ်သက်ပြီး အဖွဲ့ဝင်တွေက လက်ရှိ အခြေအနေဟာ ဂီတခရီးတစ်လျှောက် အကောင်းဆုံးဖြစ်တယ်လို့ ပြောကြားခဲ့တယ်လို့ သိရပါတယ်။

နှစ်တွေအတော်ကြာပြီးမှ ပြန်လည်လှုပ်ရှားလာခဲ့ပေမယ့် အောင်မြင်မှုတွေရနေဆဲ၊ ပရိသတ်အခိုင်အမာရှိနေဆဲဖြစ်တဲ့ "Westlife" က အောင်မြင်မှုကို ထိန်းသိမ်းထားနိုင်ခဲ့တဲ့အကြောင်းနဲ့ ပတ်သက်ပြီးလည်း အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ အဖွဲ့ဝင်တွေရဲ့ ပြောကြားချက်အရ သူတို့ဟာ တေးသီချင်းတွေကို ဖန်တီးရာမှာ ပရိသတ်တွေအတွက် အကောင်းဆုံးဖြစ်အောင် စိတ်နှစ်ကာ ကြိုးစားပြင်ဆင်ခဲ့ကြပြီး ဒီလို လုပ်ဆောင်ခဲ့မှုတွေကြောင့်လည်း သူတို့ရဲ့အောင်မြင်မှုဟာလည်း ကြာရှည်ခံခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ တေးအယ်လ်ဘမ်သစ်မှာလည်း ယခင်တေးအယ်လ်ဘမ်တွေနည်းတူ ကြိုးစားဖန်တီးထားတယ်လို့လည်း ပြောပါတယ်။



"Westlife" ဟာ တေးဂီတလောကမှာ အောင်မြင်တဲ့ အဖွဲ့တစ်ဖွဲ့လည်းဖြစ်ပါတယ်။ နိုင်ငံတကာတေးဂီတဇယားတွေမှာ ထိပ်ဆုံးကနေ ရပ်တည်နိုင်ခဲ့တဲ့ တေးသီချင်းတွေနဲ့ တေးအယ်လ်ဘမ်တွေကို ဖန်တီးခဲ့သူတွေလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း တေးသီချင်းသစ်နဲ့အတူ ပြန်လည်လှုပ်ရှားလာတဲ့ "Westlife" ဟာ လက်ရှိအချိန်အထိ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ တေးသီချင်း ၁၄ ပုဒ်ကို ဖန်တီးနိုင်ခဲ့သူတွေဖြစ်ပါတယ်။ ဒါဟာ နံပါတ်တစ်တေးသီချင်း ၃၃ ပုဒ်ကို ဖန်တီးထားနိုင်ခဲ့တဲ့ အခြားသော ကမ္ဘာကျော် တေးသံရှင်တွေဖြစ်ကြတဲ့ အဲလ်ဗစ်ပရက်စလေနဲ့ "The Beatles" တို့နောက် နံပါတ်တစ်နေရာကိုရရှိခဲ့တဲ့ တေးသီချင်းအများဆုံးဖန်တီးနိုင်သူလည်း ဖြစ်တယ်လို့ သိရပါတယ်။

"Westlife" ဟာ လာမယ့်မေလအတွင်းမှာ အမေရိကန်မှာ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း ဖျော်ဖြေမယ့်အစီအစဉ်တွေနဲ့အတူ လတ်တလေမှာ ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။ ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် မေ ၂၂ ရက်မှာ စတင်မှာဖြစ်ပြီး ဇွန် ၃ ရက်မှာ အဆုံးသတ်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## လက်ထပ်လိုက်ပြီဖြစ်တဲ့ လီယန်ဂျင်

တောင်ကိုရီးယား ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ လီယန်ဂျင်ဟာ လတ်တလောမှာတော့ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ သူနဲ့ ခုနစ်နှစ်ခန့် လက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ မင်္ဂလာပွဲ ဆင်နွှဲခဲ့တာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာ မင်္ဂလာပွဲ ကျင်းပခဲ့တာဖြစ်ပြီး လီယန်ဂျင်ရဲ့ သတို့သမီးဟာ အနုပညာလောကမှ မဟုတ်တာကြောင့် မင်္ဂလာအခမ်းအနားကိုတော့ တိတ်တဆိတ်ကျင်းပခဲ့တာဖြစ်ပါတယ်။

မင်္ဂလာပွဲ ကျင်းပမယ့်အကြောင်းကိုတော့ လွန်ခဲ့တဲ့ တစ်လခန့်က လီယန်ဂျင်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ လီယန်ဂျင်က သူ့ရဲ့သတို့သမီးနဲ့ပတ်သက်ပြီး ယခင်က ထုတ်ဖော်ပြောကြားရာမှာလည်း လိမ္မာယဉ်ကျေးသူဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

## Billboard Music Awards ဆုပေးပွဲတွင် BTS ပါဝင်ဖျော်ဖြေမည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ ယခုနှစ်ရဲ့နိုင်ငံတကာတေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards(BBMAs)"မှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း လတ်တလောမှာတော့ သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီဆုပေးပွဲမှာတော့ အဆိုပါတေးဂီတအဖွဲ့ဟာ အမေရိကန်ပေ့ါပ်ကြယ်ပွင့် ဟော်စေးနဲ့အတူ တွဲဖက်သီဆိုထားတဲ့တေးသီချင်း "Boy With Luv" နဲ့ ပါဝင်ဖျော်ဖြေသွားမှာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာ "Billboard Music Awards" ဆုပေးပွဲကြီးမှ တာဝန်ရှိသူများက လာမယ့် မေ ၁ ရက်မှာ ပြုလုပ်သွားမယ့် ဆုပေးပွဲအခမ်းအနားမှာ "BTS" ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း ထုတ်ဖော်အသိပေးလာတာပါ။ အဖွဲ့ရဲ့ နောက်ဆုံးထုတ်လွှင့်ထားတဲ့ တေးသီချင်းဖြစ်ပြီး မှတ်တိုင်သစ်တွေလည်း စိုက်ထူထားတဲ့ "Boy With Luv" တေးသီချင်းကို ဟော်စေးနဲ့ တွဲဖက်သီဆိုသွားမှာဖြစ်ပါတယ်။

"BTS"အနေနဲ့ "Billboard Music Awards" မှာ ပါဝင်ဖျော်ဖြေခဲ့တာနဲ့ တက်ရောက်ခဲ့တာဟာ ဒီနှစ်မှ ပထမဆုံးအကြိမ်တော့ မဟုတ်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း စတင်တက်ရောက်ခဲ့တာဖြစ်ပြီး အဲဒီနှစ်မှာ "Top Social Artists" ဆုကို လက်ခံရယူခဲ့တာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာတော့ "Fake Love" တေးသီချင်းနဲ့ ပါဝင်သီဆိုဖျော်ဖြေပြီး အဲဒီနှစ်မှာလည်း "Top Social Artists" ဆုကို ထပ်မံလက်ခံရရှိခဲ့ပါတယ်။

## "Girls' Generation" မကြာမီ ပရိသတ်ရှေ့ ပြန်ရောက်တော့မည်ဟု ပရိသတ်များ ယုံကြည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ဟာ အဖွဲ့လိုက် တေးဂီတလှုပ်ရှားမှုတွေ လုပ်ဆောင်နိုင်ခြင်း မရှိတာ အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့တေးသီချင်းသစ်တွေနဲ့ ဝေးကွာနေခဲ့တဲ့ ပရိသတ်တွေက လတ်တလောမှာတော့ အဖွဲ့ရဲ့တေးသီချင်းသစ်တွေကို မကြာမီ တွေ့မြင်ရတော့မှာဖြစ်တယ်လို့ယုံကြည်နေကြပါတယ်။

"Girls' Generation" ရဲ့အဖွဲ့ဝင်တွေဟာ မကြာသေးမီက အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြမှုတွေ ပြုလုပ်ခဲ့ရာမှာတော့ "Slowly" ဆိုတဲ့စကားလုံးကို ထည့်သွင်းရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။ ဒီလိုစကားလုံးတစ်လုံးတည်းကို ထပ်ခါထပ်ခါ တွေ့မြင်ခဲ့ရပြီးနောက် ပရိသတ်တွေက အဖွဲ့အနေနဲ့ တေးသီချင်းသစ်ကို ဖန်တီးနေတာဖြစ်ပြီး ဒီလိုဖော်ပြတာဟာ အရိပ်အမြွက်ဖြစ်တယ်လို့လည်း ထင်ကြေးပေးနေကြပါတယ်။

ဒီလိုရေးသားဖော်ပြခဲ့တဲ့အပြင် အဖွဲ့ဝင်အချို့ဟာလည်း သူတို့ရဲ့ဆံပင်ပုံစံကို ပြောင်းလဲခဲ့ကြပါတယ်။ ပရိသတ်တွေက အဖွဲ့ဝင်တွေအနေနဲ့ တေးသီချင်းသစ်အတွက် ရည်ရွယ်ပြောင်းလဲနေတာဖြစ်တယ်လို့လည်း ဝေဖန်ပြောဆိုနေကြတယ်လို့ သိရပါတယ်။

# တက္ကသိုလ်ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ ရခိုင်ရိုးရာနံ့သာသွေးပွဲ စစ်တွေမြို့၌ကျင်းပ

**စစ်တွေ ဧပြီ ၁၄**
တက္ကသိုလ်များ သာရေးနာရေးအသင်း (စစ်တွေ) ကျောင်းသား ကျောင်းသူများဦးဆောင်ပြီး တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကာ ရခိုင်ရိုးရာနံ့သာသွေးပွဲတော်ကို ဧပြီ ၁၂ ရက် ညနေပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ပင်မဆောင်ရှေ့၌ ကျင်းပသည်။



ကျောင်းသား ကျောင်းသူများအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုရရှိလာစေရန်၊ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ရန်စသည့် ရည်ရွယ်ချက်များနှင့် ရခိုင်ရိုးရာနံ့သာသွေးပွဲတော်ကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသည်။

"တက္ကသိုလ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေစုပေါင်းပြီး နံ့သာသွေးပွဲကျင်းပတာတော့ ဒီနှစ်နဲ့ဆိုရင် နှစ်နှစ်ပဲရှိပါသေးတယ်၊ အခုနှစ်မှာဆိုရင် စစ်တွေမြို့မှာရှိတဲ့ တက္ကသိုလ်တွေအပြင် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာတက်ရောက်နေကြတဲ့ ကျောင်းသား ကျောင်းသူတွေလည်း ပါဝင်လာကြပါတယ်၊ ဒါကြောင့် ဒီနံ့သာသွေးပွဲက ကျောင်းသား ကျောင်းသူတွေအချင်းချင်းချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်"ဟု စစ်တွေမြို့နယ်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌကိုရှင်းသန့်ကိုက ပြောသည်။

ယင်းနေ့နံ့သာသွေးပွဲကရရှိလာသော နံ့သာရည်များနှင့်အတူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ထည့်ဝင်အလှူငွေများဖြင့် စုပေါင်းပြီး စစ်တွေမြို့ ဂြစ်ဘက်ဘုန်းတော်ကြီးကျောင်းရှိ ဘုရားဆင်းတုတော်များအား ဘုရားရေသပ္ပာယ်ခြင်း၊ ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စစ်တွေမြို့နယ်တွင် ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် နံ့သာသွေးပွဲတော်ကို ရိုးရာစဉ်လာမပျက်ကျင်းပခြင်းနှင့် ဘုရားရေသပ္ပာယ်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ရခိုင်လူမျိုးများသည် ရခိုင်ဓလေ့ရိုးရာ ထုံးတမ်းစဉ်လာအရ ဘုရားရေသပ္ပာယ်ပြီးမှ သင်္ကြန်ရေသဘင်ပွဲကို ဆင်နွှဲကြလေ့ရှိသည်။ ဘုရားရေသပ္ပာယ်ပွဲကို သင်္ကြန်အကျနေ့တွင် ကျင်းပကြပြီး သင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ရန် နံ့သာသွေးပွဲတော်ကို ကျင်းပကြသည်။ နံ့သာသွေးပွဲကို အသင်းအဖွဲ့အလိုက်၊ အုပ်စုလိုက်၊ ရပ်ကွက်လိုက် ကျင်းပကြပြီး လုပျိုဖြူများက ကျောက်ပျဉ်များ ယူဆောင်ကာ စုရပ်သို့လာကြသည်။ ပြီးနောက် အမွှေးနံ့သာနီ၊ နံ့သာဖြူ၊ ကရမက်တို့ဖြင့် ပျော်ပျော်ပါးပါး နံ့သာသွေးကြသည်။ လုပျိုဖြူများ နံ့သာသွေးနေချိန်တွင် ကာလသားလူပျိုများက ရိုးရာဆိုင်းဝိုင်းနှင့် ရခိုင်ရိုးရာ သံချပ်များ သီဆိုကခုန်ရင်း ပျော်ရွှင်ကြသည်။ လူကြီးများကလည်း ဖျော်ရည်၊ ရိုးရာမုန့်များဖြင့် ဧည့်ခံကျွေးမွေးကြသည်။

သင်္ကြန်အကျနေ့တွင် ဘုရားစေတီပုထိုးများသို့ ဘုရားရေသပ္ပာယ်ရန် ရခိုင်မင်္ဂလာစည်တော်များ တီးခတ်၍လည်းကောင်း၊ ရခိုင်သူလုပျိုဖြူများက ရိုးရာဝတ်စုံများ ဆင်မြန်းပြီး အမွှေးနံ့သာရည်များ၊ လှူဖွယ်ဝတ္ထုများ ကိုင်ဆောင်၍ လည်းကောင်း၊ နွားလှည်းပေါ်တွင် ရိုးရာဆိုင်းဝိုင်းက တီးမှုတ်ရင်း ကာလသားလူပျိုများက သံချပ်များ သီဆိုကခုန်ကာသွားကြကြောင်း သိရသည်။ ဘုရားစေတီသို့ ရောက်လျှင် လူပျိုကာလသားများက ဘုရားရေသပ္ပာယ်ခြင်း၊ ရဟန်းသံဃာများကို လှူဖွယ်ဝတ္ထုများကပ်လှူခြင်း၊ သီလခံယူခြင်းများကို ပြုလုပ်ကြပြီး ဘုရားစေတီပုထိုးများမှ အပြန်တွင် စတင်၍ ရေလောင်းကြသည်။ ဘုရားရေသပ္ပာယ်ရန် အသွားတွင်ရေလောင်းခြင်းမရှိဘဲ ဘုရားရေသပ္ပာယ်၍ ပြန်လာကြပြီးမှသာ ရိုးရာယဉ်ကျေးမှုများနှင့်အညီ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို စတင်၍ဆင်နွှဲကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဟိုပင်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကျင်းပ

**ဟိုပင် ဧပြီ ၁၄**
ကချင်ပြည်နယ် ဟိုပင်မြို့ပြည်ထောင်စုလမ်းမကြီးဘေး အ.ထ.က တေဇခန်းမရှေ့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ဧပြီ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးဝေလင်းအောင်၊ ဟိုပင်မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်၊ ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ် ဗျက်ဆန်း၊ ဟိုပင်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဦးမောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့ပေါ်လေးရပ်ကွက်၊ ကျေးရွာအုပ်စုများ၊ တပ်ရင်းမိသားစုများနှင့် မူကြိုကျောင်းများမှ သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေခဲ့သည်။

ဖွင့်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများတက်ရောက်ခဲ့ကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၆ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး စတုဒိသာများကို မြန်မာ့ရိုးရာမုန့်ဖက်ထုပ်နှင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးထမ်းအစဉ်အလာနှင့်အညီ အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေကစားနိုင်စေရန်၊ ရေသဘင်ပွဲတော်တွင် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုကို ဆက်လက်ထိန်းသိမ်းတတ်စေရန်၊ နှစ်သစ်ကူးအခါသမယတွင် ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေပြီး စိတ်သစ်ကိုယ်သစ် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**တိုးတိုးမေ(ဟိုပင်)**



ဆီဒိုးနားဟိုတယ်ရန်ကုန်၏ သင်္ကြန်ရေသဘင်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် အနုပညာရှင်များ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**မြင့်စိုး**



## သင်္ကြန်အကျနေ့ အပန်းဖြေအနားယူသူများဖြင့် ငပလီကမ်းခြေတွင် စည်ကား

**သံတွဲ ဧပြီ ၁၄**
ရခိုင်ပြည်နယ် ငပလီကမ်းခြေတွင် ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများရောက်ရှိကာ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ငပလီကမ်းခြေတွင် ရခိုင်ဒေသထွက်ပစ္စည်းအရောင်းဆိုင်များ၊ ရခိုင်ရိုးရာအစားအသောက် အရောင်းဆိုင်များရှိခြင်း၊ တည်းခိုခန်းများ ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ခြင်းတို့ကြောင့် လာရောက်အပန်းဖြေအနားယူကြသည့်ပြည်သူများ အဆင်ပြေချောမွေ့စွာ ယခုကဲ့သို့ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**သန့်ဇင် (ခရိုင်ပြန်/ဆက်)**

# ပွင့်ဖြူမြို့၌ မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ယိမ်းအကဖျော်ဖြေမှုများဖြင့် စည်ကားစွာကျင်းပ

**ပွင့်ဖြူ ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီက ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအနီး သင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

လှပျိုဖြူ ဖျော်ဖြေရေးယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ယခုနှစ် ပြုလုပ်သော မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ ပိုမိုစည်ကားသိုက်မြိုက်စေရေးအတွက် မြို့မိမြို့ဖများ၏ ဦးဆောင်မှုဖြင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ရေကစားသူများအနေဖြင့် မိမိတို့မြို့နယ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို မြန်မာလူမျိုးတို့၏ ယဉ်ကျေးသိမ်မွေ့မှုဓလေ့များကို မပျောက်ပျက်အောင် ထိန်းသိမ်း၍ စည်းကမ်းရှိရှိ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပေးကြစေလိုကြောင်းနှင့် မူးယစ်ရမ်းကားခြင်းများနှင့် ခိုက်ရန်ဖြစ်ပွားမှုများမဖြစ်အောင် စနစ်တကျ ရေဆော့ကစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲမုခ်ဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ ပွင့်ဖြူမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ပွင့်ဖြူမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ ကြီးကြပ်ရေးမှူး ဆရာကြီးဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များက အမွှေးနံ့သာရည်များဖြင့် ပျော်ရွှင်စွာ ရေပက်ဖျန်းကစားခဲ့ကြသည်။ ယင်းနောက် ဖျော်ဖြေရေးလှပျိုဖြူယိမ်းအဖွဲ့က မြနန္ဒာတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ ကပြကြသည်။



**ရဲဝင်းနိုင် (ညောင်ဦး)**

# ထန်းတပင်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော် ပထမအကြိမ် စည်ကားသိုက်မြိုက်စွာကျင်းပ

**ထန်းတပင် ဧပြီ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) နံနက် ၈ နာရီက အမှတ်(၄) ရပ်ကွက် ကျွန်းငူကမ်းနား ဦးစံအေးလမ်း၌ ကျင်းပသည်။

လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ အမှတ်(၄) ရပ်ကွက် ကျွန်းငူကမ်းနားမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ထိ လမ်းလျှောက်သင်္ကြန်ပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်သင်္ကြန်ပွဲကျင်းပရာ လမ်းတစ်လျှောက် ရပ်ကွက်နေ ပြည်သူများက မုန့်လုံးရေပေါ်များဖြင့် ဧည့်ခံခြင်း၊ အအေးများတိုက်ခြင်းနှင့် စတုဒိသာအကျွေးအမွေးများ ဧည့်ခံခြင်းဖြင့်လည်း ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ ထန်းတပင်မြို့နယ် အမှတ်(၆၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ်မြင့်နိုင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထန်းတပင်မြို့နယ်၌ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပထမအကြိမ်မြောက်အဖြစ် ထည့်သွင်း ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်လည်း ရေပက်ခံထွက်ကြသူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် ပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး ညပိုင်းအချိန်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ ၁၃ ဖွဲ့တို့မှ ယိမ်းအကအလှများဖြင့်လည်း ကပြဖျော်ဖြေကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## နှစ်သစ်ကူး မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ မြင်ကွင်းများ



**သန်လျင်မြို့နယ်** — သန်းဝင်း (သန်လျင်)



**မင်္ဂလာတောင်ညွန့်မြို့နယ်** — ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)



**ပေါင်မြို့** — ကိုဟိန်း (ပေါင်)



**ပုဇွန်တောင်မြို့နယ်** — မြို့နယ် (ပြန်/ဆက်)

## တာချီလိတ်မြို့သင်္ကြန်အကျနေ့တွင် ရေကစားသူများဖြင့် စည်ကား

**တာချီလိတ် ဧပြီ ၁၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် သင်္ကြန်အကျနေ့ ရေသဘင်ပွဲတော်အား ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ရေကစားလျက်ရှိကြောင်း သိရသည်။

တာချီလိတ်မြို့ ဗဟိုမဏ္ဍပ်တွင် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့၊ ရပ်ကွက်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့ ၁၇ ဖွဲ့တို့က နေ့ရက်အလိုက် ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး၊ သင်္ကြန်မယ်ရွေးချယ်ခြင်းနှင့်အတူ တေးသံရှင်များက ဖျော်ဖြေဧည့်ခံလျက်ရှိသည်။

ယင်းဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းက ကျိုင်းတုံခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ မြို့မိ မြို့ဖ ဦးကြည်မြင့်၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ပိုင်နှင့် လာအိုနိုင်ငံ ဘော်ကျောက်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တာချီလိတ်မြို့နယ်တွင် ပုန်းထွန်ရေချောင်း၊ မယ်ဟုတ်ရေချောင်း၊ တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စု နမ့်မွေချောင်းတို့တွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူသူများ၊ စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေကစားသူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**



## မူဆယ်မြို့နယ်၏ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**မူဆယ် ဧပြီ ၁၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ၁၃၈၀ ပြည့်နှစ် မူဆယ်မြို့နယ်၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီတွင် မူဆယ်မြို့ ရဟတ်ယာဉ်ကွင်း၌ ဖွင့်လှစ်ခဲ့သည်။

မူဆယ်မြို့မြန်မာ့ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသိန်းထွန်းဦး၊ ရွှေလီမြို့ဒုတိယမြို့တော်ဝန် မစ္စတာဝမ့်ခွန်ဖုန့်နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ မြန္မာ့သီချင်းဖြင့် ယိမ်းပျိုဖြူများက ကပြခြင်း၊ ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယိမ်းပျိုဖြူများအား ရေပက်ဖျန်းကစားခြင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များက ဧည့်ခံဖျော်ဖြေခြင်းများ တင်ဆက်ခဲ့ကြသည်။ **ဗန်ရိုးထန်(မြန်/ဆက်)**





## မန်းရွှေစက်တော်ဘုရား၌ ရေကစားကြသူများဖြင့် စည်ကား

**မင်းဘူး(စကု) ဧပြီ ၁၄**
မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများတွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း စတုဒိသာကျွေးသူများ၊ ဘုရားရေသပ္ပာယ်သူများ၊ ကုသိုလ်ပြုသူများနှင့် အထူးစည်ကားများပြားသကဲ့သို့ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားကြီးတွင် သင်္ကြန်အကျနေ့၌ ဘုရားဖူးလာသူ၊ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားကြီးတွင် သင်္ကြန်ကာလ၌ ဘုရားဖူးလာသူများဖြင့် နှစ်စဉ်စည်ကားလျက်ရှိပြီး လူကြီးများမှာ နံနက်အရုဏ်ဆွမ်းကို နံနက် ၄ နာရီခန့်က စတင်၍ ကုသိုလ်ပြုလောင်းလှူနိုင်ပြီး အောက်စက်တော်ရာ၊ အထက်စက်တော်ရာဘုရားများတွင်ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည့်ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည်။

လူငယ်များမှာလည်း မန်းချောင်းအတွင်း ပျော်ရွှင်စွာ ရေကစားနိုင်သောကြောင့် လူကြီး၊ လူငယ်မရွေး ပါဝင်ဆင်နွှဲနိုင်သဖြင့် နှစ်စဉ်ကုသိုလ်ပြုသူ၊ အေးချမ်းစွာ ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **မေသူလွင်(မကွေး)**

# သင်္ကြန်အကျနေ့တွင် မုက္ခာရေတံခွန်ဆင်စခန်း၌ အပန်းဖြေလာရောက်သူများပြား


**မင်းလှ ဧပြီ ၁၄**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဘန်ဘွေးကုန်းကျေးရွာ မုက္ခာရေတံခွန်ဆင်စခန်း၌ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) တွင် လာရောက်ရေကစားအပန်းဖြေသူများ ပိုမိုများပြားလျက်ရှိသည်။

မုက္ခာရေတံခွန်ဆင်စခန်းကို အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများနှင့် လူငယ် လူရွယ်များ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာလာရောက် လည်ပတ်ကြ၍ အလွန်စည်ကားလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း အထူးအစီအစဉ်တစ်ခုအနေဖြင့် ဈေးရောင်းပွဲတော်တွင် အပျော်စီး ချားရဟတ်များနှင့် ဈေးဆိုင်ခန်းပေါင်း ၂၀ ကျော်တို့ ဖွင့်လှစ်ပေးထားရာ အထူးစည်ကားလျက်ရှိသည်။

"လာရောက်လည်ပတ်သူများအား ပျော်ရွှင်စေဖို့အတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးထားကြောင်း၊ နေရာထိုင်ခင်းကို သန့်ရှင်းသပ်ရပ်စွာထားရှိကြောင်း၊ ဧည့်သည်များအား ဆင်စခန်းဝန်ထမ်းများက ကောင်းမွန်စွာ ပြောဆိုဆက်ဆံခြင်းဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း၊ ဆင်စခန်းကို လာရောက်သူများအား ကျေးဇူးတင်ကြောင်းနှင့် အမြဲလာရောက်အပန်းဖြေစေလိုကြောင်း၊ ဆင်စခန်းဝင်ကြေးနှင့် ဆင်စီးခကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ ယခင်ဈေးနှုန်းအတိုင်းသာကောက်ခံခြင်းဖြစ်ကြောင်း" မုက္ခာရေတံခွန် ဆင်စခန်းတာဝန်ခံ ဦးအောင်စောလင်းက ပြောသည်။

"ဆင်စခန်းလာရောက်လည်ပတ်ရတာ အဆင်ပြေပြီးတော့ အေးချမ်းစွာနေရပါတယ်။ နားနေဆောင်လေးတွေ ထားရှိပေးတော့ မိသားစုတွေ ကောင်းစွာနေထိုင်ရပြီး ယူဆောင်လာတဲ့ အစားအသောက်တွေကို စားရင်းအပန်းဖြေရပါတယ်။ ဆင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိတွေ့ခွင့်ရပြီး ဗဟုသုတလည်းရပါတယ်။ ရေတံခွန်မှာလည်း ရေကစားရတာ အေးမြပြီး အလွန်ပျော်ဖို့ကောင်းပါတယ်"ဟုလက်ပံတန်းမြို့နယ်မှ လာရောက်လည်ပတ်သူများက ပြောသည်။



အဆိုပါ မုက္ခာရေတံခွန် ဆင်စခန်းတွင် ဌာနပိုင် ဆင် ၁၄ ကောင်ထားရှိပြီး ဆင်စီးခြင်း၊ ဆင်စာကျွေးခြင်း၊ ဆင်များဖြင့် အမှတ်တရဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းများဆောင်ရွက်နိုင်ပြီ သဘာဝနားနေဆောင်များနှင့် ဝါးရုံပင်များအောက်တွင် အပန်းဖြေအနားယူနိုင်ကြောင်း၊ ကလေးကစားကွင်းထားရှိပေး၍ ကလေးများ ပျော်ရွှင်စွာဆော့ကစားနိုင်ကြောင်း၊ ပန်းပုလက်ရာများဖြစ်သော ဆင်ရုပ်၊ မြင်းရုပ်၊ ငါးရုပ်၊ သမင်ရုပ်၊ ခြင်္သေ့ရုပ်စသည်တို့ကိုလည်း အမှတ်တရဝယ်ယူနိုင်ကြောင်း၊ ဆင်စီးပြီး သဘာဝတောတောင်အလှအပများကိုကြည့်ရှုနိုင်ကြောင်း၊ မုက္ခာရေတံခွန်၌လည်း ရေချိုး၊ ရေဆော့ကစားခြင်းများဖြင့် ပျော်ရွှင်ကြည်နူးနိုင်ကြောင်း၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်ရပ်နားကွင်း စီစဉ်ဆောင်ရွက်ထားရှိပေးကြောင်း၊ အဝတ်လဲခန်းနှင့် သန့်စင်ခန်းများထားရှိပေးကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# မိုင်းဆတ်မြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မိုင်းဆတ် ဧပြီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်၌ ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ် ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ည နေ ၅ နာရီက မယ်ဆွမ် မြောက်ရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က နှစ်သစ်ကူး အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် ဦးစိုင်းခတ္တိယ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးမင်းထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဇေယျာလင်းနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးတို့က မဟာ သင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးသည်။

ထို့နောက် သင်္ကြန်ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပြိုင်တူကပြ ဖျော်ဖြေပြီး အခမ်းအနားတက်ရောက်လာသည့် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခတ္တိယ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီး များနှင့်ဇနီးများ၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးငြိမ်းထွေး နှင့်ဇနီး၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ဒေသခံပြည်သူများက ပျော်ရွှင်စွာ အပြန်အလှန် အတာရေပက်ဖျန်းကြသည်။



၂၀၁၉ ခုနှစ် မိုင်းဆတ်မြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်အတက်နေ့အထိ နံနက်ပိုင်းနှင့် ညပိုင်းတွင်ယိမ်းအဖွဲ့ ၁၁ ဖွဲ့က ယိမ်းအကများနှင့် LMCတီးဝိုင်း အဖွဲ့က စင်တင်တေးဂီတများဖြင့် ကပြဖြေ ဖျော်ပြီး နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းတွင် စတုဒိသာကျွေးမွေးခြင်းနှင့် နေ့လယ်စာ သင်္ကြန်ထမင်းဧည့်ခံခြင်းတို့ဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်ဦး(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ ထီလာအလှ လမ်းလျှောက်သင်္ကြန် (ပထမအကြိမ်) စည်ကားသိုက်မြိုက်စွာကျင်းပ

**မိတ္ထီလာ ဧပြီ ၁၄**

မိတ္ထီလာမြို့နယ်၌ ထီလာအလှ လမ်းလျှောက်သင်္ကြန် (ပထမအကြိမ်) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၄ ရက် နံနက် ၈ နာရီက ဓမ္မသုခရွှေစည်းခုံစေတီအနီး ကန်ပတ်လမ်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးဦး၊ ထီလာအလှ လမ်းလျှောက်သင်္ကြန်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ ပြည်သူများနှင့်အတူ ထီလာအလှ လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

"မိတ္ထီလာမှာ တစ်ကြိမ်တစ်ခါမျှ လမ်းလျှောက် သင်္ကြန် မဆောင်ရွက်နိုင်ခဲ့ဘူး။ အခုလိုလမ်းလျှောက် သင်္ကြန်ပြုလုပ်တဲ့ မြို့မိမြို့ဖတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဦးဆောင်သူတွေကိုကျေးဇူးတင်ပါတယ်။ လူငယ်လူရွယ် တွေ ကား၊ ဆိုင်ကယ်တွေနဲ့ လည်ပတ်ကြတာဆိုရင် အန္တရာယ်များတယ်။ အခုဆိုရင် အေးအေးဆေးဆေး ရေလောင်းခံချင်သူတွေအတွက်က လုံခြုံမှုရှိတယ်။ ပျော် လည်း ပျော်ရွှင်ရတယ်။ သွားရင်းလာရင်း အန္တရာယ်လည်း ကင်းတယ်။ ဒီလိုလမ်းလျှောက်သင်္ကြန်ပွဲကို ပါဝင်ဆင်နွှဲ ရတာ ပျော်လည်းပျော်ရွှင်တယ်။ ဒါကြောင့် လာမယ့်နှစ်မှာ လည်း အခုလိုလမ်းလျှောက်သင်္ကြန် ကျင်းပနိုင်အောင် ပါဝင်ကူညီသွားပါမယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါက်တာမောင်သင်းက ပြောကြားခဲ့သည်။

ယင်းနောက် ထီလာအလှ သင်္ကြန်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌဦးဌေးအောင်က "ထီလာအလှလမ်းလျှောက် သင်္ကြန်ကို ဝါသနာတူသူငယ်ချင်းတွေစုပေါင်းပြီး ပထမ အကြိမ် စတင်ပြုလုပ်တာပါ။ အခုလို ထီလာအလှ လမ်းလျှောက်သင်္ကြန်ကျင်းပတာက မြို့လူထုကို ပျော်ရွှင် စေချင်တယ်။ အကုန်အကျလည်းသက်သာမယ်။ ဆိုင်ကယ် တွေ၊ ကားတွေများနေတဲ့အချိန်မှာ အန္တရာယ်ကင်းအောင် လမ်းလျှောက်သင်္ကြန်ပြုလုပ်ပေးတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက် လို့မရပါဘူး။ မြို့လူထုတွေ၊ မြို့မိမြို့ဖတွေ၊ ဝါသနာတူ သူငယ်ချင်းတွေ စုပေါင်းဆောင်ရွက်ကြလို့ ပထမ အကြိမ် လမ်းလျှောက်သင်္ကြန်ပွဲကျင်းပနိုင်တာပါ။ ပထမ အကြိမ် ကျင်းပတာဖြစ်လို့ ဟာကွက်လေးတွေရှိခဲ့ရင် လည်း မြို့လူထုက နားလည်ပေးကြပါ"ဟု ပြောကြား သည်။



"နှစ်သစ်ကူးသင်္ကြန်မှာ လမ်းလျှောက်သင်္ကြန် ပထမအကြိမ်ကျင်းပတဲ့အချိန်မှာ ပါဝင်ဆင်နွှဲခွင့်ရတာ ပျော်ရွှင်ရပါတယ်။ အခုလို ကိုယ့်မြို့မှာ လမ်းလျှောက် သင်္ကြန်ကို စည်စည်ကားကား လှလှပပပြုလုပ်တဲ့အတွက် မြို့လူထုအနေနဲ့ ဂုဏ်လည်းယူတယ်၊ ပျော်လည်းပျော်ရ ပါတယ်။ အခုနှစ် ကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲသူတွေကို တစ်ဖက် တစ်လမ်းကနေ ကုသိုလ် ယူတဲ့အနေနဲ့ စတုဒိသာမဏ္ဍပ်ဆောက်လုပ်ပြီး မုန့်လုံး ရေပေါ် ကျွေးမွေးဧည့်ခံနေပါတယ်" ဟု ဆာဝါဒီခ ဆိုင်ပိုင်ရှင် မစန်းယုယုဝင်းက ပြောသည်။

ယခုနှစ် ထီလာအလှ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မိတ္ထီလာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်း၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့ပေါ် ၁၄ ရပ်ကွက်နှင့် ကျေးလက်နေပြည်သူများသာမက သာစည်၊ ဝမ်းတွင်း၊ မလှိုင်၊ ပျော်ဘွယ်မြို့နယ်များမှလည်း လာရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။ အဆိုပါ ထီလာအလှ လမ်းလျှောက်သင်္ကြန်ကို ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပလျက်ရှိရာ လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲသူများအား ဒေသ ခံများက စတုဒိသာမဏ္ဍပ် ၃၆ ခုဖွင့်လှစ်၍ ကျွေးမွေးဧည့်ခံ လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၀ မှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရသူ ၆၉၀ ဦး၊ သေဆုံးသူ ၁၃၃ ဦးရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများ ဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါ စည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။

၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင် ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်း မပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံ ကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသော စာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

## ၂၀၁၉ ခုနှစ် နှစ်သစ်သင်္ကြန် အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**အင်းတော် ဧပြီ ၁၄**

၂၀၁၉ ခုနှစ် နှစ်သစ်သင်္ကြန်အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီခွဲက အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာအုပ်စု အင်းရွာကျေးရွာ ဖူဆယ်ဘောလုံး ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် လက်ပန်မြေဘောလုံး အသင်းနှင့် Winner Fc ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ပန်မြေဘောလုံးအသင်းက ရှစ်ဂိုး - ခုနစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပထမ-ဒုတိယ-တတိယ ဆုရအသင်းများနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိ သူများက ချီးမြှင့်ပေးကြသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ အင်းတော်မြို့နယ်အတွင်းရှိ ပြိုင်ပွဲ ဝင်အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ၏ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စတင်ဖွင့်လှစ်

**ညောင်ဦး ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ၏ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ်ဘုရားကွင်းပြင်ရှိ ဇာတ်မဏ္ဍပ်တွင် ဧပြီ ၁၃ ရက် ညနေ ၃ နာရီခွဲက စတင်ဖွင့်လှစ်ခဲ့သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၏ ကြွယ်ဝသောယဉ်ကျေးမှုအနုပညာကို ထိန်းသိမ်းရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစွာ ရေပက်ဖျန်းကစားနိုင်ရေးတို့အတွက် ရည်ရွယ်၍ ပုံမှန်နှစ်များနှင့်မတူစေဘဲ မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်အဖြစ် ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ဖွင့်ပွဲကို Heritage Hotel မှ ယိမ်းအလှပျိုဖြူများက မန်းတောင်ရိပ်ခိုသီချင်းသီဆိုပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ပုဂံ-ညောင်ဦး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် ရွှေစည်းခုံ ဂေါပကဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ်ဘုရားကွင်းပြင်ရှိ ဇာတ်မဏ္ဍပ်နှင့် ပုဂံမြို့ သရပါတံခါးမှ ဗူးဘုရားလမ်းဆုံအထိရှိသော ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များတွင် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီတို့မှ အလှည့်ကျဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေလိန်း(ညောင်ဦး)**







# ခင်ဦးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဇာတ်မဏ္ဍပ်ဖွင့်

**ခင်ဦး ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက်၌ ယမန်နေ့ နံနက် ၉ နာရီက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဇာတ်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က မြန်မာ့ရိုးရာအတာသင်္ကြန်နှစ်သစ်ကူးအဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဝင်းအောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ မြနန္ဒာ၊ အောင်မင်္ဂလာ၊ အောင်ချမ်းသာ၊ အောင်သီရိ၊ မြကန်သာ၊ ပညာရေး၊ ဓမ္မစကူးလ်ကလေးငယ်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့တို့က အသီးသီးကပြဖျော်ဖြေ၍ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက အတာရေပက်ဖျန်းကစားခဲ့ကြကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



# စမ်းချောင်း၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ဇာတ်မဏ္ဍပ်ဖွင့်

**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်လမ်းနှင့် မဟာမြိုင်လမ်းဆုံတွင် ယမန်နေ့ ညနေ ၃ နာရီခွဲက စမ်းချောင်းမြို့နယ် ဇာတ်ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကတိများ၊ အာမခံချက်များ၊ ဆောင်ရွက်ချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်၊ ကျင်းပရေးသဘာပတိအဖွဲ့ဝင် ဒေါ်သန်းသန်းဝင်း၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ရာ တေးသံရှင်ဆူမုံက The Federal Music Band နှင့်တွဲဖက်၍ မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုပြီး ယိမ်းအဖွဲ့တို့က ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လေးမျက်နှာမြို့နယ် (ကမ်းသာယာ) အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေသူများဖြင့် စည်ကား



**လေးမျက်နှာ ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်မြစ်အနောက်ဘက်ခြမ်း ခတ္တာကျေးရွာတစ်ဖက်ကမ်းနှင့် ငဝန်မြစ်ကူးတံတား (လေးမျက်နှာ)အနီးတွင် ၂၀၁၉ ခုနှစ် မတ် ၂၁ ရက်က ဖွင့်လှစ်သည့် ကမ်းသာယာအပန်းဖြေစခန်းသို့ သင်္ကြန်အကြိုနေ့နှင့် အကျနေ့များတွင် လာရောက်အပန်းဖြေရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ရုံးပိတ်ရက်များတွင် အများပြည်သူများ စိတ်အပန်းပြေစေရန်၊ ငွေကုန်မှ သွားရောက်နိုင်သည့် ငွေဆောင်၊ ချောင်းသာ၊ ငပလီ စသည့် သဘာဝ ရှုခင်းများရှိရာ နာမည်ကြီးကမ်းခြေများသို့ သွားရောက်ရန် အခက်အခဲရှိသူများ အနေဖြင့် ရေချိုး၍ သဘာဝလေကောင်းလေသန့်များရရှိနိုင်သည့် လေးမျက်နှာ (ကမ်းသာယာ) အပန်းဖြေစခန်းတွင် အမှတ်တရအကျီများ၊ ခရုပုတီးများ၊ ရေကူးဘောကွင်းများ၊ ရေလွှာလျှောစီးများ၊ ကလေးကစားကွင်းများ၊ အုန်းရည်၊ လက်ဆက်သော ဒေသထွက် ကမ်းခြေအစားအသောက်များ၊ စက်လှေများနှင့် အခြားဝန်ဆောင်မှုများဖြင့် အပန်းဖြေလာရောက်သူများ အဆင်ပြေစေရန် စီစဉ်ထားကြောင်းနှင့် သင်္ကြန်အကြိုနေ့နှင့် အကျနေ့များတွင် အပန်းဖြေလာရောက်သူ တစ်ရက်လျှင် ၂၀၀ နှင့်အထက်ရှိကြောင်း သိရသည်။

ရွှေမိုး(ပြန်ဆက်)

# နှစ်သစ်ကူးအားလပ်ရက်များတွင် အင်းတော်ကြီးရွှေမဥ္ဇူရေလယ်ဘုရား၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မိုးညှင်း ဧပြီ ၁၄**

အထက်မြန်မာပြည်၏ တန်ခိုးကြီးဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးမြို့တွင်တည်ရှိသည့် အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားကြီး၌ သင်္ကြန်အကျနေ့တွင် အနယ်နယ်အရပ်ရပ်မှဘုရားဖူးများ၊ ရုံးပိတ်ရက် အားလပ်ရက်များတွင် လာရောက်အပန်းဖြေနားနေသူများနှင့် စည်ကားလျက်ရှိသည်။

အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားကြီးသည် မိုးညှင်းမြို့၏အနောက်မြောက်အရပ် မိုင် ၅၀ ခန့်အကွာ အင်းတော်ကြီးမြို့ လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာ အရှေ့ဘက်ရှိ အင်းတော်ကြီးကန်အတွင်းတည်ရှိသည်။

ရွှေမဥ္ဇူရေလယ်ဘုရားကြီး၏ အလှည့်ကျဂေါပက ဥက္ကဋ္ဌ မမုန်ကိုင်ကျေးရွာမှ ဦးတင်အောင်က "အခုလိုရက်ရှည်ရုံးပိတ်ရက်တွေနဲ့ သင်္ကြန်နေ့တွေဆို ဘုရားဖူးနဲ့ အပန်းဖြေလာတဲ့သူတွေ ပိုများတတ်တယ်။ ဘုရားဖူးကားတွေ တစ်ရက်ကို အစီး၂၀၊ ၃၀ လောက်လာတယ်။ တစ်စီးကို လူ အယောက် ၄၀ လောက်ပါတယ်။ တစ်ရက်ကို နှစ်ထောင်ကျော်လောက်လာတယ်။ ခါတိုင်းရက်တွေမှာ အဝေးက ဘုရားဖူးတွေ လာတာ များတယ်။ ဒီလိုနေ့တွေဆိုရင် အင်းပတ်လည်ကလူတွေလည်းလာတော့ ပိုများတယ်" ဟုပြောသည်။

ကသာခရိုင် ကသာမြို့ရပ်ကွက် (၅) အမှတ် (၁) လမ်းတွင်နေထိုင်သူ တရားလွှတ်တော်ရှေ့နေ ဦးဝင်းရွှေကလည်း မိသားစုနှင့်အတူ အပန်းဖြေလာရောက် လည်ပတ်ပုံကို "ဒီကို နှစ်တိုင်းနီးပါးရောက်ဖြစ်တယ်၊ ဒီနှစ်က ရန်ကုန်မှာနေတဲ့အမျိုးတွေကိုလိုက်ပို့ရင်းနဲ့လာတာ၊ မိသားစုလည်းပါတယ်၊ ဟိုးအရင်တုန်းက လမ်းတွေသိပ်မကောင်းဘူး၊ အခုတော့လမ်းတွေက ကတ္တရာလမ်းတွေနဲ့ဆိုတော့ အတော်အဆင်ပြေသွားပြီ၊ နောက်နှစ်တွေလည်းလာဖြစ်မယ်ထင်တယ်"ဟု ပြောကြားသည်။

အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားကြီးသို့ လာရောက်ကြသူများသည် အင်းတော်ကြီးကန်ပတ်ဝန်းကျင်ရှိ အထင်ကရနေရာများဖြစ်သည့် လွဲမွန်ကျေးရွာရှိ မုဆိုးမခြေရာနှင့် မုဆိုးမဘုရား၊ နန့်မီးလောင်ကျေးရွာရှိ နှီးဘုရားနှင့် ရွှေတောင်ဘုရားများသို့ လာရောက်လည်ပတ်အနားယူကြကြောင်း သိရသည်။

ကျော်ကျော် (မိုးညှင်း)





# မင်းဘူးမြို့၌ သင်္ကြန်အကျနေ့ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိ

**မင်းဘူး ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အကျနေ့၌ ရေကစားမဏ္ဍပ်များတွင် အေးချမ်းသာယာစွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဌာနဆိုင်ရာအကြီးအကဲများနှင့် သင်္ကြန်ချစ်သူများ အဖွဲ့တို့ပူးပေါင်း၍ ဖွင့်လှစ်ထားရှိသည့် မင်းဘူးမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့တွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြသူများနှင့် မဏ္ဍပ်တိုင်းတွင် စေတနာရှင်ပြည်သူများက စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

၁၃၈၀ ပြည့်နှစ် မင်းဘူးခရိုင် အတာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် သင်္ကြန်သီချင်းကောင်းများ၊ ခေတ်ပေါ်တေးသီချင်း မြူးမြူးကြွကြွများဖွင့်၍လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မဏ္ဍပ်တွင် ပြည်သူများ အေးချမ်းသာယာစွာရေကစားနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးမြတ်(မင်းဘူး)



ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ ရပ်ကွက်ရေကစားမဏ္ဍပ်များတွင် ၂၀၁၉ ခုနှစ် မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းက ဒေသခံပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ရေကစားနေကြစဉ်။

စိုးမင်းဦး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ချောက်မြို့ အမှတ် (၁၁) ရပ်ကွက် ဗဟိုကွက်သစ် လမ်းမတစ်လျှောက်တွင် လမ်းလျှောက်သင်္ကြန်ကျင်းပရာ ရေပက်ခံခြင်း၊ စတုဒိသာများ ကျွေးခြင်း၊ သီချင်းများ၊ အကများဖြင့် ဖျော်ဖြေ သီဆိုခြင်းတို့ကို စည်ကား သိုက်မြိုက်စွာ တွေ့မြင်ရစဉ်။

ကျော်မိုး(ပြန်/ဆက်)

# ကျောင်းကုန်းမြို့နယ်ရှိ ရွှေဘုန်းပွင့် အကျွတ်အလွတ် ဆုတောင်းပြည့်စေတီ ရွှေထီးတော်တင်လှူပူဇော်မည်



ကျောင်းကုန်း မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဓမ္မနန္ဒာဘုန်းတော်ကြီးကျောင်းရှိ ရွှေဘုန်းပွင့် အကျွတ်အလွတ် ဆုတောင်းပြည့် စေတီတော် ရွှေထီးတော်ကို မေ ၁၇ ရက်(မြန်မာနှစ်ဆန်း ၁ ရက် နေ့)တွင် တင်လှူပူဇော်မည်ဖြစ်သည်။

အဆိုပါ ရွှေဘုန်းပွင့် အကျွတ်အလွတ် ဆုတောင်းပြည့်စေတီတော် မြတ်ကြီး၏ ထီးတော်ကို ၁၉၉၀ ပြည့်နှစ် မေ ၁၆ ရက်က တင်လှူပူဇော်ခဲ့ပြီး ယခု နှစ် ၃၀ ခန့်တွင် ရွှေထီးတော် အသစ် တင်လှူပူဇော်ခြင်းဖြစ်သည်။

ရွှေထီးတော်တင်လှူပွဲတွင် အငြိုပူ "စိန်ဟသာ" ထီးတော်တင်အဖွဲ့က အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ညများတွင် ဆိုင်းဝိုင်းဖြင့် ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ငဖဲမြို့နယ်၌ ဒုတိယအကြိမ်မြောက် သင်္ကြန်တွင်း မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကျင်းပ



ငဖဲ မေ ၁၄

မင်းဘူးခရိုင် ငဖဲမြို့နယ် ဇီးတောကျေးရွာ ကံကြီးကျောင်းတိုက်ဓမ္မာရုံတွင် ဒုတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာနိဗ္ဗာန်ဝင်လမ်း သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းပွဲကို မေ ၁၃ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့သည်။

အဆိုပါတရားစခန်းတွင် ဇီးတောကျေးရွာ ကံကြီးကျောင်းတိုက် ဆရာတော် အရှင်ကုန္ဒဝံသ(သာသနဓဇဓမ္မာစရိယ)နှင့် အရှင်ပညာဒီပ (သာသနဓဇဓမ္မာစရိယ) တို့က ခန္ဓာငါးပါးရုပ်နာမ်တရား၊ သံသရာလည်လမ်း၊ ထွက်လမ်းနှင့် သစ္စာလေးပါးမြတ်တရားကို မေ ၁၉ ရက်အထိ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားပွဲအဖြစ် ဟောဖော်ညွှန်ပြသွားမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီ ၃၂ ဦးရှိပြီး သံဃာတော်များနှင့် ယောဂီများကို အလှူရှင်များက အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုရည်များ ဆက်ကပ်လှူဒါန်း ဒါနပြုကြကြောင်းနှင့် သင်္ကြန်တွင်း မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# သင်္ကြန်အကျနေ့ စက်စဲကမ်းခြေ၌ ရေကစားအပန်းဖြေသူများဖြင့် စည်ကား



သံဖြူဇရပ် မေ ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ စက်စဲကမ်းခြေ၌ သင်္ကြန်အကျနေ့တွင် လာရောက်ရေကစားလည်ပတ်အပန်းဖြေသူများ ပိုမိုများပြားလျက်ရှိသည်။

စက်စဲကမ်းခြေသို့ သင်္ကြန်ကာလအတွင်း ရပ်ဝေးရပ်နီးမှ ပြည်သူများ၊ လူငယ်၊ လူရွယ်များ၊ ဝန်ထမ်းမိသားစုများနှင့် ဒေသခံပြည်သူများ လာရောက်လည်ပတ်ကြပြီး ပျော်ရွှင်စွာရေကစားကြသူများ၊ ရေလှိုင်းစီးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သံဖြူဇရပ်(မြန်/ဆက်)**



# ငါ့သရောက်မြို့ ဆည်ကျေးရွာ၌ မဟာသင်္ကြန်အကျနေ့ စတုဒိသာကုသိုလ်ပြုသူများ၊ လာရောက်သုံးဆောင်သူများဖြင့် စည်ကား

ငါ့သရောက် မေ ၁၄

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ပြည်သူများ အေးချမ်းစွာရေကစားခြင်း၊ ရေကစားမဏ္ဍပ်အနီး စတုဒိသာမဏ္ဍပ်များတွင် ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး၊ သာကူကျို၊ မုန့်လုံးရေပေါ် စတုဒိသာများ ကုသိုလ်ပြုကျွေးမွေးသူ၊ လာရောက်သုံးဆောင်သူများဖြင့် စည်ကားလျက်ရှိသည်။

ရေကစားရာတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့တွင် ပိုမိုစည်ကားလာပြီး တစ်ဦးနှင့်တစ်ဦးခိုက်ရန်မဖြစ်ပွားစေရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ကြိုတင်စည်းကမ်းချက်များ ထုတ်ထားသောကြောင့် ရေပက်ကစားသူ၊ စတုဒိသာကုသိုလ်ရှင်၊ လာရောက်သုံးဆောင်သူ၊ ဘုရားကျောင်းကန် သန့်ရှင်းရေးပြုလုပ်သူများဖြင့် အေးချမ်းစွာ ရေကစားလျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



ပုသိမ်မြို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပရာ ပုသိမ်မြို့ကမ်းနားလမ်းတွင် သင်္ကြန်အကြိုနေ့ ညနေပိုင်းက ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြစဉ်။

**မောင်မောင်မြင့်(မြန်/ဆက်)**



မြန်မာနိုင်ငံကြက်ခြေနီအသင်း မိုင်းယောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်နန်းဆေး၊ တပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များ မေ ၁၄ ရက် နံနက် ၁၁ နာရီက ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် မီးဘေးသင့်အိမ်ထောင်စုအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။

**စိုင်းအောင်ဇော်လင်း**

# မန်ယူနည်းပြ ဆိုးရှားက အပြောင်းအရွှေ့အတွက် ပေါင်သန်း ၂၀၀ သုံးစွဲမည်ဟုဆို

မန်ယူအသင်းနည်းပြဆိုးရှားဟာ အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀ သုံးစွဲသွားမယ်လို့ ဆိုပါတယ်။

မန်ယူအသင်းဟာ ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ပရီမီယာလိဂ်ဖလား ရယူနိုင်ဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး နည်းပြဖာဂူဆန်ထွက်ခွာသွားပြီးနောက် ဒေးဗစ်မိုယက်စ်၊ ဗန်ဟားလ်၊ မော်ရင်ဟိုတို့ ကိုင်တွယ်ခဲ့ပေမယ့် အဲဒီနည်းပြသုံးဦးလက်ထက်မှာ ပရီမီယာလိဂ်ဖလားရယူနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် နည်းပြဆိုးရှားက သူ့လက်ထက်မှာ မန်ယူအသင်းအတွက် ဝေးကွာနေတဲ့ ပရီမီယာလိဂ်ဖလားကို လာမယ့်ဘောလုံးရာသီမှာ ရယူပေးနိုင်ဖို့အတွက် စိတ်အားထက်သန်နေပြီး လာမယ့်ရာသီမှာ ပရီမီယာလိဂ်ဖလားရယူမယ်လို့ ပြောခဲ့ပါတယ်။

မန်ယူအသင်းရဲ့ အမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ်ကလည်း လာမယ့်အပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူဖို့အတွက် ပေါင်သန်း ၂၀၀ သုံးစွဲခွင့်ပြုဖို့လည်း ရှိနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းဟာ ဒေါ့မွန်ကစားသမား ဆန်ချိုတစ်ဦးတည်းကို ပေါင်သန်း ၁၀၀ ခန့် သုံးစွဲရဖွယ်ရှိနေပြီး ချယ်လ်ဆီးလူငယ်ကစားသမား ဟက်ဆန်အိုဒိုအီနဲ့ ဝက်စ်ဟမ်းလူငယ်ကစားသမားဒီကလန်ရိုက်တို့ကိုလည်း ခေါ်ယူမယ်လို့ နည်းပြဆိုးရှားက ဖွင့်ဟပြောကြားခဲ့ပါတယ်။

နောက်တန်းခံစစ်ပိုင်းအတွက် နာပိုလီဗဟိုနောက်ခံကစားသမား ကူလီဘာလီကို ခေါ်ယူဖို့ စိတ်ဝင်စားနေသလို ကွင်းလယ်ပိုင်းမှာလည်း အန်ဒါဟာရဲရားရဲ့နေရာမှာ အစားထိုးဖို့ အဲဗာတန်ကွင်းလယ်ကစားသမား ဂူယီကို ခေါ်ယူဖို့ စီစဉ်နေပါတယ်။

ကွင်းလယ်ကစားသမား ဟာရဲရားဟာ အသင်းကနေ ထွက်ခွာဖို့ရှိနေတာကြောင့် ပီအက်စ်ဂျီအသင်းနဲ့ အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေပါတယ်။

မန်ယူအသင်းနောက်ခံလူ ဗလင်စီယာဟာလည်း အိုးထရက်ဖို့ဒ်မှာ ၁၀ နှစ်ကြာ ကစားခဲ့ပြီးနောက် အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းကနေ ထွက်ခွာဖို့ရှိနေပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဘောလုံးလောက သတင်းတိုများ

- **မန်ယူအသင်းက ခရစ္စတယ်ပဲလေ့နောက်ခံလူ ဘစ်ဆာကာကို ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။**
- *အာဆင်နယ်ကွင်းလယ်ကစားသမားဇာကာအား အင်တာမီလန်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။*
- **ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးတောင်ပံကစားသမား ဝီလီယံအား ခေါ်ယူမည်ဖြစ်ပြီး ပေါင် ၅၅ သန်းကုန်ကျဖွယ်ရှိနေကြောင်း သိရသည်။**



# ပေါ့ဘာရဲ့ပင်နယ်တီသွင်းဂိုးနှစ်ဂိုးနဲ့ မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိ

မန်ယူအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၃ အဖြစ် အိုးထရက်ဖို့ဒ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက ကွင်းလယ်ကစားသမားပေါ့ဘာရဲ့ပင်နယ်တီသွင်းဂိုးနဲ့ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ပါတယ်။

မန်ယူအသင်းဟာ အခုပွဲစဉ်အနိုင်ရရှိခဲ့တာကြောင့် ဩဂုတ်လအတွင်းက စပါးအသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း အိမ်ကွင်း ၁၄ ပွဲဆက်တိုက်ရှုံးပွဲမရှိတဲ့စံချိန်လည်း တင်နိုင်ခဲ့ပါတယ်။

လက်ရှိမှာ လီဗာပူးအသင်းက အိမ်ကွင်း ၃၇ ပွဲဆက်နဲ့ အာဆင်နယ်အသင်းက အိမ်ကွင်း ၁၆ ပွဲဆက်ရှုံးပွဲမရှိစံချိန်တင်ထားတာဖြစ်ပြီး အဲဒီနှစ်သင်းပြီးရင် မန်ယူအသင်းက အိမ်ကွင်းရှုံးပွဲအနည်းဆုံးအသင်းတွေထဲမှာ တတိယနေရာက ရပ်တည်နေတာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်းရှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့တာဖြစ်ပြီး တစ်ပွဲသရေကျထားကာ ခုနစ်ပွဲက ရှုံးပွဲကြုံခဲ့တာလည်းဖြစ်ပါတယ်။ မန်ယူအသင်းကတော့ အခုနှစ်ဘောလုံးရာသီမှာ ပင်နယ်တီသွင်းဂိုးကနေ နိုင်ပွဲရရှိမှုအများဆုံးအသင်းလည်းဖြစ်ပါတယ်။ မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ကွင်းလယ်ကစားသမားပေါ့ဘာက ပွဲကစားချိန် ၁၉ မိနစ်နှင့် မိနစ် ၈၀ တို့မှာ သွင်းယူခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၄၉ မိနစ်မှာ ဖိလစ်ပီအန်ဒါဆန်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ပင်နယ်တီသွင်းဂိုးနှစ်ဂိုးသွင်းယူခဲ့တဲ့ ပေါ့ဘာဟာ အခုဘောလုံးရာသီမှာ ပင်နယ်တီသွင်းဂိုး ခုနစ်ဂိုးရှိသွားပြီဖြစ်ပါတယ်။ ပေါ့ဘာဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းအတွက် သွင်းဂိုး ၂၂ ဂိုးအထိ ပါဝင်ပတ်သက်နေတာဖြစ်ပြီး ၁၃ ဂိုးသွင်းယူထားကာ ကိုးဂိုးဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။



# ကစားသမားအချို့ချန်ပြီး ပွဲထွက်လာတဲ့ ဘာစီလိုနာ အမှတ်ပေးဇယားအောက်ဆုံးက ဟူစကာနဲ့ သရေကျ

ဘာစီလိုနာအသင်းဟာ ဧပြီ ၁၃ ရက်ညပိုင်းက စပိန်လာလီဂါပွဲစဉ် ၃၂ အဖြစ် အမှတ်ပေးဇယားအောက်ဆုံးက ဟူစကာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့အဖြစ် ဧပြီ ၁၆ ရက်မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်လို့ အသင်းခေါင်းဆောင်မက်ဆီနဲ့ ဆာဂျီယိုဘတ်စကွက်တို့ကို အခုပွဲစဉ်တွင် အနားပေးခဲ့သည်။

ထို့ပြင် အသင်းအတွက်အားထားရတဲ့ အခြားသော ကစားသမားတွေဖြစ်တဲ့ လူးဝစ်ဆွာရက်ဇ်နဲ့ ဂျာရက်ပီကေးတို့ ပွဲပယ်ပြစ်ဒဏ်ကျခံနေရတဲ့အပြင် ရာကီတစ်က အဖျားရောဂါခံစားနေပြီး ဆာဂျီရောဘတ်တိုဟာလည်း ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် အသင်းရဲ့ရလဒ်ပိုင်းကောင်းမွန်မှုအတွက် အခက်အခဲဖြစ်ခဲ့ပါတယ်။ မက်ဆီကို အနားပေးခဲ့တာကြောင့် တိုက်စစ်ပိုင်းမှာ ဒမ်ဘီလီနဲ့ ဘိုတန်တို့ကို ထည့်သွင်းကစားစေခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာဟာ အခုပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့သော်လည်း ပွဲစဉ် ၃၂ အပြီးတွင် ရမှတ် ၇၄ မှတ်ရရှိထားကာ အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းကို ကိုးမှတ်အသာနဲ့ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နေဆဲပဲဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ပွဲစဉ် ၃၂ မှာ ဆယ်လ်တာဗီဂိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

# စတာလင်နဲ့ဂျီးဆပ်တို့ရဲ့သွင်းဂိုးတွေနဲ့ မန်စီးတီးအနိုင်သုံးမှတ်အပြည့်ရယူနိုင်ခဲ့

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၃ အဖြစ် ခရစ္စတယ်ပဲလေ့အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၅ မိနစ်နဲ့ ၆၃ မိနစ်တို့မှာ စတာလင်ကလည်းကောင်း၊ မိနစ် ၉၀ မှာ ဂျီးဆပ်ကလည်းကောင်း သွင်းယူပေးခဲ့ပါတယ်။ ခရစ္စတယ်ပဲလေ့အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၁ မိနစ်မှာ မီလီဗိုဂျီဗစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နှစ်သင်းစလုံးဟာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းဟာ စတာလင်ရဲ့ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဒေးဗစ်ဆေးလ်ဗားနေရာမှာ ဘာနာဒိုဆေးလ်ဗားကိုလည်းကောင်း၊ အဂူရိုရဲ့နေရာမှာ ဂျီးဆပ်ကိုလည်းကောင်း၊ လီရွိုင်းဆာနေးရဲ့နေရာမှာ ဂွန်စတုန်းကိုလည်းကောင်း ထည့်သွင်းကစားစေခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုခရစ္စတယ်ပဲလေ့အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၃၃ အပြီးတွင် ရမှတ် ၈၃ မှတ်ရရှိထားပြီး လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းနဲ့ မကစားမီအချိန်အထိ ရမှတ်တစ်မှတ်အသာနဲ့ အမှတ်ပေးဇယားကို မန်စီးတီးအသင်းက ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။





မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက် ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ဆင်နွှဲနေသူများ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။

# မဟာသင်္ကြန်အကျနေ့ ရေလောင်း ရေပက်ခံကြသူများ၊ စတုဒိသာ အလှူအတန်းပြုလုပ်သူများဖြင့် ရန်ကုန်မြို့အနှံ့ စည်ကားလျက်ရှိ

**ရန်ကုန် ဧပြီ ၁၄**

ယနေ့ မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်၌ ပြည်သူ ချစ်သောအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင် ဖျော်ဖြေတင်ဆက်မှုများကို လာရောက်ကြည့်ရှုအားပေးသူများ၊ ရေလောင်းရေပက်သူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိပြီး ဗဟိုမဏ္ဍပ် အနီးရှိ မဟာဗန္ဓုလပန်းခြံလမ်းလျှောက် သင်္ကြန်တွင်လည်း လာရောက်ရေကစားသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက်ရှိ ရေကစားမဏ္ဍပ်ကြီးများတွင် ရေပက်သူများဖြင့် စည်ကားလျက်ရှိပြီး အင်းလျားကန်ပေါင်ရှိ လမ်းလျှောက်သင်္ကြန်နှင့် အင်းလျားလမ်း မြန်မာ့ရိုးရာတိုင်းရင်းသားလမ်းလျှောက် အတာသင်္ကြန်၊ မြကျွန်းသာ လမ်းလျှောက်သင်္ကြန်တို့တွင်လည်း လာရောက်ရေကစားသူများဖြင့် စည်ကားလျက်ရှိနေသကဲ့သို့ ရန်ကုန်မြို့၏ နေရာအနှံ့တွင် စတုဒိသာအကျွေးအမွေးများ၊ ပျော်ရွှင်စွာဖြင့် ရေလောင်း၊ ရေပက်ကစားကြသူများနှင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲလျက်ရှိသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



ပျဉ်းမနားလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်ကို ဧပြီ ၁၄ ရက်(သင်္ကြန်အကျနေ့)က တွေ့ရစဉ်။

# နေပြည်တော်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် အကျနေ့ကို ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၄**

၁၃၈၀ ပြည့်နှစ်မှ ၁၃၈၁ ခုနှစ်သို့ ကူးပြောင်းမည့် အခါသမယတွင် မြန်မာ့ရိုးရာဓလေ့ထုံးစံအရ နှစ်သစ်ကူးအတာသင်္ကြန်ပွဲကို ကျင်းပလျက်ရှိရာ ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန် အကျနေ့ဖြစ်ပြီး မြန်မာပြည်တစ်ဝန်းလုံး၌ အတာရေပက်ဖျန်း ကစားကြသူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

နေပြည်တော် မြို့တော်သူ မြို့တော်သားများသည်လည်း မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေပက်ခံကားများ၊ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိကာ ဘုရားကျောင်းကန်များ၌လည်း တရားဘာဝနာပွားများကြသူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ Sky Net ရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေးမြို့များရှိ သင်္ကြန်မဏ္ဍပ်များနှင့် ပျဉ်းမနားလမ်းလျှောက်သင်္ကြန်တို့တွင် သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာရေကစားကြသည်။

ထို့အတူ ရခိုင်တိုင်းရင်းသားအသင်း(နေပြည်တော်)က ဦးစီးကျင်းပသည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

## ထူးခြားသည့် နေ့အပူချိန်များ

၁၄-၄-၂၀၁၉

**ချောက်**
၄၅ ဒီဂရီစင်တီဂရိတ်

**ဘော်လခဲ**
၄၃ ဒီဂရီစင်တီဂရိတ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၄-၂၀၁၉

**မြစ်ကြီးနား**
သုည ဒသမ ၀၈ လက်မ

**မိုးကောင်း**
သုည ဒသမ ၀၈ လက်မ

**တမူး**
သုည ဒသမ ၀၄ လက်မ

**ဂန့်ဂေါ**
သုည ဒသမ ၀၄ လက်မ